# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**မိမိကိုယ်သာလျှင် ကြည့်ရှုဆင်ခြင်**

သူတစ်ပါးတို့၏ ကြမ်းတမ်းဝန်တို မလိုသော စကားတို့ကို နှလုံးမသွင်းအပ်၊ သူတစ်ပါး၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကို မကြည့်ရှု မဆင်ခြင်ရာ၊ မိမိ၏ ကောင်းသောအမှု၊ မကောင်းသောအမှု ပြု မပြုကိုသာလျှင် ကြည့်ရှုဆင်ခြင်ရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်၊ သောကြာနေ့။ Friday, 6 September 2024 ၁၁၅၇၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကျောက်ဆည်မြို့နယ်၌ ဝါစိုက်ပျိုးထားရှိမှုကို တွေ့ရစဉ်။

# ကျောက်ဆည်မြို့နယ်၌ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျောက်ဆည် စက်တင်ဘာ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော မိုးချည်မျှင်ရှည်ဝါစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻

## ယနေ့ ဖတ်စရာ

**သန့်ရှင်းသော လေရရှိဖို့ ရင်းနှီးမြှုပ်နှံမှု စတင်စို့**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ လာရောက်ဂုဏ်ပြုပေးအပ်**

စာမျက်နှာ » ၈

**(၂၁) ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (ACDFM-21) ကျင်းပပြုလုပ်**

စာမျက်နှာ » ၃

**ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန်သတ်မှတ်**

စာမျက်နှာ » ၉

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် စက်တင်ဘာ ၅

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ် ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော တိုင်ဖွန်းမုန်တိုင်း "ရာဂိ" (YAGI)သည် ဗီယက်နမ်နိုင်ငံ ကုန်းတွင်းပိုင်းဒေသများသို့ ဖြတ်ကျော်ပြီးနောက် ရွေ့လျားလာမည့် အကြွင်းအကျန် တိမ်တိုက်များကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း စက်တင်ဘာ ၈ ရက်မှ ၁၂ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ○**


ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၂၄ ) ရက်သာ လိုတော့သည်။

ကြေးမုံ

# အသုံးချခံများမဖြစ်စေရေး သတိပြုရန်လို

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော် စုစည်းနေထိုင်သော နိုင်ငံဖြစ်သည်။ ရှေးနှစ်ပေါင်းထောင်ချီကာလကတည်းက အတူတကွလက်တွဲ ပူးပေါင်းကာ အေးချမ်းစွာနေထိုင်ခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးအချင်းချင်း မပြေလည်မှုအခိုက်အတန့်သာရှိခဲ့ပြီး တိုင်းတစ်ပါးမှ ကျူးကျော်မှုများကို အတူတကွလက်တွဲ ပူးပေါင်းတွန်းလှန်ခဲ့ကြသည်။ သို့သော် လွတ်လပ်ရေးရပြီးကာလတွင် တိုင်းရင်းသားလူမျိုးအချင်းချင်း စိတ်ဝမ်းကွဲပြီး လက်နက်ကိုင်သောင်းကျန်းမှုများပေါ်ပေါက်လာခဲ့သည်။

တပ်မတော်သည် လွတ်လပ်ရေးရပြီး သမိုင်းကြောင်းတစ်လျှောက် ယနေ့ထိတိုင်အောင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ပန်ဆင်ကာ နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်လျက်ရှိသည်။ ငြိမ်းချမ်းရေးကို မပစ်ပယ်ဘဲ တွေ့ဆုံဆွေးနွေးအဖြေရှာလျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် မဲမသမာမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးအခြေအနေကို အကြောင်းပြု၍ ပြည်တွင်း၌ မတည်မငြိမ်ဖြစ်ပေါ်မှုများကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ EAO အချို့က အခွင့်အရေးအဖြစ်အသုံးချခဲ့ကြသည်။ နိုင်ငံရေးအမြတ်ထုတ်လိုသည့် NUG အကြမ်းဖက်အဖွဲ့၏ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ပြည်သူလူထုအကြောက်တရားကြီးမားအောင်၊ မြို့ရွာများတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် အကြမ်းဖက်လုပ်ရပ်များလုပ်ကိုင်ခဲ့ကြသည်။

သောင်းကျန်းသူအကြမ်းဖက်သမားများသည် နယ်စွန်နယ်ဖျား တောတောင်လျှိုမြောင်များတွင် အခြေချခိုအောင်းလှုပ်ရှားကြရာမှ မျက်မှောက်ကာလ၌ နိုင်ငံတွင်ဖြစ်ပေါ်နေသည့်အခြေအနေများကို အခွင့်ကောင်းယူ၍ နယ်မြေချဲ့ထွင်မှုများပြုလုပ်လာကြသည်။ တပ်စခန်းများကို အလစ်အငိုက်တိုက်ခိုက်ရာမှတစ်ဆင့်တက်၍ မြို့ရွာများကို တိုက်ခိုက်လာကြသည်။ EAO အဖွဲ့အချို့နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့တို့ပူးပေါင်းပြီး မြို့ရွာများကို တိုက်ခိုက်ဖျက်ဆီးလာကြသည်။ ထိုအခါ ဒေသခံပြည်သူလူထုမှာ ဘေးလွတ်ရာဒေသသို့ တိမ်းရှောင်ကြရသည့် ဒုက္ခသည်ဘဝများကဲ့သို့ဖြစ်ကြရသူများရှိသလို သောင်းကျန်းသူများကို မရှောင်လွှဲနိုင်ဘဲ နေထိုင်နေကြရသူများလည်းရှိသည်။ အကြောက်တရားဖြင့် နေထိုင်နေကြသူများလည်း ရှိသည်။

သောင်းကျန်းသူများက နယ်မြေချဲ့ထွင်မှုများ ပြုလုပ်ရာတွင် ပြည်သူလူထု အေးချမ်းစွာနေထိုင်လျက်ရှိသော မြို့ရွာများကို အသုံးချလာကြသည်။ ပြည်သူလူထုနှင့်အတူ ရောနှောနေထိုင်ပြီး တိုက်ခိုက်သည့်လုပ်ရပ်ဖြစ်၍ လူသားဒိုင်းအဖြစ်အသုံးချခြင်းပင်ဖြစ်သည်။ တပ်မတော်သည် သောင်းကျန်းသူများ ဝင်ရောက်နေထိုင်သည့် မြို့ရွာများကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်ရာ၌ ဒေသခံပြည်သူလူထုရှိနေသဖြင့် အခက်အခဲများစွာရှိသည်။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် ၎င်းဒေသတွင်နေထိုင်ကြသူများက လုပ်ဆောင်ကြခြင်းဖြစ်သည်။ ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်မှုနောက်ကျစေရန်နှင့် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်မှုတွင်လည်း ဒေသခံများပင်ဖြစ်သည်။ ထို့ကြောင့် ဒေသတစ်ခုအတွင်း တည်ငြိမ်အေးချမ်းမှုရှိစေရေးနှင့် ဒေသခံများ၏လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသအတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များ လျော့ပါးစေရေးအတွက် ပြည်သူများအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ သက်ဆိုးရှည်စေမည့်ကိစ္စများကို ရှောင်ရှားကြရမည်။ အကြမ်းဖက်သမားကို အားမပေးမိဖို့သတိပြုရမည်ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူများသည် မြို့ရွာများအတွင်းရှိ ပြည်သူလူထုတို့၏ နေအိမ်များတွင် ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်နေကြခြင်းဖြစ်သည်။ ၎င်းတို့ခေတ္တသိမ်းပိုက်ထားသည့် မြို့ရွာဒေသများတွင် ပြည်သူလူထုကို အကာအကွယ်ယူ၍ တိုက်ခိုက်မှုများ ပြုလုပ်နေသဖြင့် ဒေသခံပြည်သူများအနေဖြင့် သတိတရား အသိတရားဖြင့် ရှောင်ရှားကြမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေး လုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

သောင်းကျန်းသူများသည် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုတို့ကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာသွားသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းတို့ကို လုပ်ဆောင်လျက်ရှိသည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်ပေးသွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်သောင်းကျန်းသူများ၏ သတင်းရရှိမှုအခြေအနေပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်၍ ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် သတိပြုကြရန်လိုအပ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism-NCM) ဖြင့် ကိုင်တွယ်ဖြေရှင်းသွားမည်

**နေပြည်တော် စက်တင်ဘာ ၅**

မြန်မာနိုင်ငံသည် ILO နှင့် ပူးပေါင်းကာ အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ သက်ဆိုင်သည့် ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်။ ၂၀၂၀ ပြည့်နှစ်မှစတင်၍ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaint Mechanism – NCM)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ အလုပ်သမားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကိုယ်စားလှယ်၊ အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသော အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားအကောင်အထည်ဖော်ရေး အမျိုးသားကော်မတီက အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ မည်သူမဆို အဓမ္မခိုင်းစေမှုဆိုင်ရာတိုင်ကြားမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၊ ILO ဆက်သွယ်ရေးအရာရှိရုံး(ရန်ကုန်) နှင့် အခြားအဖွဲ့အစည်းများမှတစ်ဆင့် လည်းကောင်း၊ အလုပ်သမားဝန်ကြီးဌာန ရုံးအမှတ်(၅၁) နေပြည်တော်သို့ လူကိုယ်တိုင် (သို့မဟုတ်) စာဖြင့်လည်းကောင်း၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄ နှင့် E-mail လိပ်စာ directorgeneral.dol@gmail.com, moloffice51@gamil.com, research.org.dol.mm@gmail.com များသို့လည်းကောင်း တိုင်ကြားသူနှင့် အဓမ္မခိုင်းစေခံရသူများ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ကြောင်း ရုံးအဖွဲ့၊ အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရားနှင့် အလုပ်သမားဝန်ကြီးဌာနက အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၄၈ | ၄၂၇,၂၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၄၈၉ | ၁,၆၇၇,၅၅၀ |
| MCB | ၉,၂၀၀ | ၉,၂၀၀ | ၂၅ | ၂၃၀,၀၀၀ |
| FPB | ၁,၈၀၀ | ၁,၇၅၀ | ၁၈,၇၇၉ | ၃၃,၃၅၂,၂၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၃၆၂ | ၁,၀၁၃,၆၀၀ |
| EFR | ၂,၈၀၀ | ၁,၇၅၀ | ၇၇၅ | ၁,၃၂၄,၅၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၁၃ | ၅၉,၈၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၅၀ | ၅၃၂ | ၁,၈၀၉,၄၀၀ |
| MADPL(PLB) | ၃၇,၀၀၀ | ၃၅,၀၀၀ | ၂ | ၇၂,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူးဖြစ်သူ Mr. Marcoluigi Corsi အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

သတင်းစဉ်



# (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအစည်းအဝေး (ACDFM-21) ကျင်းပပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၅**

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ အစည်းအဝေး(21st ASEAN Chiefs of Defence Forces Meeting–21st ACDFM) ကို ယနေ့နံနက်ပိုင်းတွင် ဗီယင်ကျန်းမြို့ရှိ Latsavong Wanda Vista Hotel ၌ ကျင်းပပြုလုပ်သည်။




**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်တက်ရောက်ပြီး ဆက်စပ်အစည်းအဝေးများဖြစ်သည့် (14th ASEAN Military Operations Meeting–14th AMOM) သို့ တက်ရောက်လျက်ရှိသည့် စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ် များ အစည်းအဝေး (21st ASEAN Military Intelligence Meeting–21st AMIM)သို့ တက်ရောက်လျက်ရှိသည့် ဒုတိယတပ်မတော် စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ်မင်းသူနှင့် တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြသည်။

ဦးစွာ (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး (21st ACDFM) ဥက္ကဋ္ဌ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Khamlieng Outhakaisone က တက်ရောက်လာကြသည့်အာဆီယံတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များနှင့် အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ပြီး**(အပေါ်ပုံ)** အဖွင့်မိန့်ခွန်း ပြောကြားသည်။

**ဖတ်ကြားတင်ပြ**

ယင်းနောက် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော် ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (21st ACDFM) ဥက္ကဋ္ဌ လာအို အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန စစ်ဘက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Brigadier General Bouavanh Athanaxay နှင့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော် စစ်ဆင်ရေးမှူးချုပ်များအစည်းအဝေး (14th AMON) ဥက္ကဋ္ဌ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးဌာန စစ်ဆင်ရေးဌာနအကြီးအကဲ Major General Kongthong Soukhavong တို့က အစည်းအဝေးရလဒ်များကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့်အာဆီယံနိုင်ငံတပ်မတော်များမှ ကာကွယ်ရေးဦးစီးချုပ်များနှင့် ကိုယ်စားလှယ်များက "အာဆီယံ-ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရေးတို့အတွက် လက်တွဲဆောင်ရွက်ခြင်း (ASEAN–Together for Peace, Security and Resilience)" ခေါင်းစဉ်ဖြင့် နိုင်ငံအက္ခရာစဉ်အလိုက် အသီးသီး ပါဝင်ဆွေးနွေးကြသည်။

မြန်မာ့တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက အာဆီယံ၏ အဓိကရည်မှန်းချက်နှင့် လုပ်ဆောင်ချက်များကို တွန်းအားပေး မီးမောင်းထိုးပြနေသည့် "အာဆီယံ-ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရေးတို့အတွက် လက်တွဲဆောင်ရွက်ခြင်း (ASEAN–Together for Peace, Security and Resilience)" ခေါင်းစဉ်ဖြင့် အသေးစိတ်ဆွေးနွေးပြောကြားသည်။

ဆက်လက်ပြီး အာဆီယံတပ်မတော်များ၏ နှစ်နှစ်တာ လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၆) {Two Years Work Plan (2024–2026} ကို အတည်ပြုခြင်း၊ 21st ACDFM ၏ပူးတွဲကြေညာချက် Joint Statement အား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြပြီး ပူးတွဲကြေညာချက် Joint Statement ကို အတည်ပြုလက်မှတ် ရေးထိုးကြသည်။ ယင်းနောက် 21st ASEAN Chiefs of Defence Forces Meeting (21st ACDFM) ဥက္ကဋ္ဌ လာအိုအမျိုးသား ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲက အပိတ်မိန့်ခွန်းပြောကြားကာ (၂၂)ကြိမ်မြောက် အာဆီယံတပ်မတော် ကာကွယ်ရေး ဦးစီးချုပ်များ အစည်းအဝေး (22nd ACDFM) အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်မည့် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ဥက္ကဋ္ဌတာဝန်များနှင့် အာဆီယံတပ်မတော် ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေး၏ အလံ (ACDFM Flag) တို့ကို လွှဲပြောင်းပေးအပ်ကြပြီး အစည်းဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

**သီးခြားစီတွေ့ဆုံ**

ယင်းနောက် မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးသည် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee၊ ဗီယက်နမ် အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗီယက်နမ် ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Nguyen Tan Cuong နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် General Vong Pisen တို့နှင့် သီးခြားစီ Bilateral Meeting များ တွေ့ဆုံခဲ့ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်ကြသည်။ **စာမျက်နှာ ၄ သို့** ☆



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Songwit Noonpackdee တို့ တွေ့ဆုံဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ဗီယက်နမ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးအရာရှိချုပ် Senior Lieutenant General Nguyen Tan Cuong တို့ တွေ့ဆုံဆွေးနွေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Vong Pisen တို့ တွေ့ဆုံဆွေးနွေးစဉ်။

☆ စာမျက်နှာ ၃ မှ

ညပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များနှင့် ဇနီးများ၊ ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ လာအိုအမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် စစ်ဦးစီးဌာန အကြီးအကဲက တည်ခင်းဧည့်ခံသည့် (၂၁)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်များ အစည်းအဝေး အထိမ်းအမှတ် ညစာစားပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**ပိုမိုခိုင်မာအောင်**
**တည်ဆောက်နိုင်ခဲ့**

အလားတူ စက်တင်ဘာ ၃ ရက်တွင် အဆိုပါ ဟိုတယ်၌ ပြုလုပ်ခဲ့သည့် (၁၄)ကြိမ်မြောက် အာဆီယံတပ်မတော်စစ်ဆင်ရေးမှူးချုပ်များ အစည်းအဝေး 14th ASEAN Military Operations Meeting (14th AMOM) အစည်းအဝေးသို့ မြန်မာ့တပ်မတော်မှ စစ်ဦးစီးအရာရှိချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း၊ (၂၁)ကြိမ်မြောက် အာဆီယံ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်များ အစည်းအဝေး (21st ASEAN Military Intelligence Meeting–21st AMIM) သို့ မြန်မာ့တပ်မတော်မှ ဒုတိယတပ်မတော်စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ် ဗိုလ်ချုပ် မင်းသူနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များကလည်းကောင်း ပါဝင်တက်ရောက်၍ အာဆီယံတပ်မတော်များအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်မြှင့်တင် ဆောင်ရွက်ရေး ကတိကဝတ်များအား ပိုမိုခိုင်မာအောင် တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

✻ ကျောက်ဆည်မှ

မိုးကြိုချည်မျှင်ရှည်ဝါသီးနှံများကို မေလလယ်နှင့်ဇွန်လကုန်အတွင်း စိုက်ပျိုးကြပြီး မြေပြင်ချိန်တွင် နွားချေးလှည်း ၁၀ စီးနှင့် ကွန်ပေါင်းမြေဩဇာတစ်အိတ်ကို မြေခံအဖြစ် ထည့်သွင်းပြုပြင်ပြီး ဒေသနှင့်ကိုက်ညီသည့် ငွေချည်(၆)၊ ငွေချည်(၉)၊ ရွှေတောင်(၈) ချည်မျှည်ရှည်ဝါများ စိုက်ပျိုးကြကြောင်းနှင့် စိုက်ပျိုးရာ၌ တစ်ဧက သတ်မှတ်အပင်ဦးရေ ပြည့်မီစေရန် စိုက်တန်း၊ စိုက်ကျင်းများကို ဝါအမျိုးအစားအလိုက် သုံးပေပတ်လည်နှင့်နှစ်ပေခွဲပတ်လည် စိုက်ပျိုးကြကြောင်း သိရသည်။

ရွက်စစ်(၃-၄)ရက်ထွက်ချိန်၊ စိုက်ပျိုးပြီး ၁၈ ရက်မှ ၂၁ ရက်အတွင်း စိုက်ကျင်းတစ်ကျင်းလျှင် နှစ်ပင်ချန်၍ သားခွဲခြင်းများ ပြုလုပ်ကြကြောင်း၊ အပွင့်ဝင်ချိန်နှင့် အပွင့်ပွင့်ချိန်တွင် အပင်ခြေမှ ခြောက်လက်မအကွာတွင် ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီးယားအိတ်ဝက် ထည့်သွင်းကြောင်း၊ အပွင့်စတင်ခါနီးအချိန်၊ ပန်းစပွင့်ချိန်၊ ပန်းပွင့်ဖြိုင်ချိန်နှင့် ဝါသီးကြီးထွားချိန်တွင် အစိုဓာတ်လုံလောက်စွာ မရရှိပါက ရေသွင်းခြင်းများပြုလုပ်ကာ ကြားထွန်တိုက်ပြီး ပေါင်းမြက်ရှင်းလင်းခြင်းနှင့် ရေဝပ်၊ ရေစိမ့်ခြင်းများမဖြစ်စေရန် ရေသွင်း၊ ရေထုတ်မြောင်းများ စနစ်တကျပြုလုပ်ထားပြီး ရေပိုရေလျှံများ ထုတ်ပယ်ရသည်။ အပင်သက်တမ်း ရက် ၅၀ တွင် စုပ်ပိုးကာကွယ်ဆေးနှစ်ကြိမ်နှင့် ရက် ၆၀ သားနောက်ပိုင်းတွင် ဝါဂွမ်းပိုးနီနှင့်ရွက်လိပ်စားပိုးအတွက် ဆေးနှစ်ကြိမ်းဖျန်းခြင်းနှင့် လိုအပ်ပါက အခြားပိုးများအတွက် ဖျန်းဆေးများနှင့် ကာကွယ်စိုက်ပျိုးကြောင်း သိရသည်။

မိုးချည်မျှင်ရှည်ဝါသီးနှံများကို သံရွာ၊ ပေါင်လောင်၊ တောင်တော်၊ ကင်း၊ ဖျောက်ဆိပ်ပင်၊ ရွာသစ်၊ ရေသရောက်၊ ချောင်းဆုံ၊ သရက်ပင်၊ ရဲ၊ ကြောင်၊ ကြက်သားဟင်း၊ သင်္ဂတုံ၊ ကလေး၊ မှိုင်းပန်၊ ရဲဘော်ကြီး၊ ရှမ်းတောင်ဦး၊ ကုလားကျောင်း၊ အရှေ့သာဂရ၊ ပြည်တော်သာကျေးရွာအုပ်စုများတွင် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**




## လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် စက်တင်ဘာ ၅**

ယနေ့ ညနေ ၅ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း(အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်မြောက်ပိုင်းကမ်းလွန်-ဩရိဿတောင်ပိုင်းကမ်းခြေ)တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်ဘက်သို့ ဖြည်းညင်းစွာ ရွေ့လျားနိုင်ပြီး နောက် ၇၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေ-ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် မုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

❍ ရှေ့ဖုံးမှ

ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်း ပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**







**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**







## အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေးလုပ်ငန်းကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေး ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

အမျိုးသားမြေဥပဒေရေးဆွဲပြုစုရေးနှင့် မြေစီမံခန့်ခွဲမှုဆိုင်ရာဥပဒေများ သဟဇာတဖြစ်ရေး လုပ်ငန်းကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ-၂ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ကော်မတီအဖွဲ့ဝင်များ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌများ၊ ဥပဒေရေးဆွဲရေးအဖွဲ့ငယ် အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက အမျိုးသားမြေဥပဒေကို ၂၀ဝ၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်စေရေး၊ မြေစီမံခန့်ခွဲခြင်းနှင့်စပ်လျဉ်းသော တည်ဆဲဥပဒေများကို လွှမ်းခြုံသက်ရောက်မှုရှိပြီး ဥပဒေအချင်းချင်း သဟဇာတဖြစ်စေရေးကို အလေးထားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အမျိုးသားမြေအသုံးချမှုကောင်စီက သတ်မှတ်ပေးထားသည့်ကာလ(Timeline) အတွင်း အမျိုးသားမြေဥပဒေမူကြမ်းကို ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြည်သူ့အကျိုးပြုနိုင်မည့် လက်တွေ့ကျသည့်မူဝါဒ၊ တရားမျှတမှုရှိသည့် ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စီမံခန့်ခွဲမှုပုံစံများ ဖြစ်လာစေရန်အတွက် မြေယာစီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသော လက်ရှိဥပဒေများကို လေ့လာဆန်းစစ်ပြီး အဆိုပါဥပဒေများကို လွှမ်းခြုံသည့် သဟဇာတဖြစ်စေမည့် အမျိုးသားမြေဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းနိုင်ရေးသည် အရေးကြီးဆုံးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ အနာဂတ်တွင် စနစ်ကျ၍ကောင်းမွန်သော မြေယာစီမံခန့်ခွဲမှုစနစ်များ ပေါ်ထွန်းလာစေရန် အမျိုးသားမြေအသုံးချမှု မူဝါဒနှင့်အညီ ဗီပြင်ခိုင်မာစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး၊ အမျိုးသားမြေဥပဒေကို လက်တွေ့ကျပြီး ပိုမိုထိရောက်စွာ ရေးဆွဲနိုင်ရေးအတွက် မြေယာစီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြစ်စေရန် သက်ဆိုင်ရာဌာနနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီအတွင်းရေးမှူးက အမျိုးသားမြေဥပဒေမူကြမ်း၏ အခန်း(၉)မှ (၁၆) အထိ ကနဦးရေးသားထားမှုနှင့် အဖွဲ့ဝင်များ၏ အကြံပြုချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပဏာမမူကြမ်းအဖြစ် အတည်ပြုနိုင်ရေးအတွက် တက်ရောက်လာကြသူများက ကဏ္ဍအလိုက် အသေးစိတ် ဝိုင်းဝန်းဆွေးနွေးကြသည်။

အမျိုးသားမြေဥပဒေရေးဆွဲရေးနှင့်ပတ်သက်၍ ဥပဒေမူကြမ်း၏ အခန်း(၁)မှ (၈)အထိကို ပြီးခဲ့သည့် အစည်းအဝေးတွင် ဆွေးနွေးခဲ့ပြီး ပဏာမမူကြမ်းအဖြစ် အတည်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် Naypyitaw State Academy တို့ ပူးပေါင်း၍ “လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ” လူငယ်စကားဝိုင်း ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၅**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ Naypyitaw State Academy တို့ ပူးပေါင်း၍ ကျင်းပသည့် “လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ”လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် Naypyitaw State Academy အစည်းအဝေးခန်းမ၌ ကျင်းပရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး၊ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနုနုလွင်၊ ကော်မရှင်ရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ Naypyitaw State Academy မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးက လူငယ်များသည် အနာဂတ်နိုင်ငံတော်၏ခေါင်းဆောင်များဖြစ်ကြောင်း၊ ကျင့်ဝတ်နှင့်ညီသည့် ခေါင်းဆောင်ကောင်းတစ်ဦး ဖြစ်လာရန်အတွက် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုကို အခြေပြုရန် လိုအပ်ကြောင်း၊ လူငယ်များသည် ပြဿနာများကို ဖြေရှင်းရာတွင် တီထွင်ဖန်တီးနိုင်စွမ်းရှိကြကြောင်း၊ လူငယ်များအနေဖြင့် ဆန်းသစ်သည့် အတွေးအခေါ်များနှင့် ခေတ်မီနည်းပညာအသစ်များကို ကောင်းမွန်စွာအသုံးချ၍ အဂတိလိုက်စားမှုပုံစံအမျိုးမျိုးကို ပိုမိုထိရောက်စွာ တိုက်ဖျက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ အဂတိလိုက်စားမှုကိုတွန်းလှန်တိုက်ဖျက်ရာ၌ ဖြောင့်မတ်တည်ကြည်မှုကို အခြေခံသော Integrity Pact များ ဖြစ်ပေါ်လာစေရန် နိုင်ငံသားတိုင်းက ကျင့်ဝတ်များကို ကိုယ်စီစောင့်ထိန်းလိုက်နာကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် “လူငယ်နှင့် ကျင့်ဝတ်စံနှုန်းများ”ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပပြီး Naypyitaw State Academy မှ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား ကျောင်းသူများက ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## လမ်းမတော်မြို့နယ်၌ “ဆေးလိပ်ဆေးရွက်ကြီးလွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ်တို့လူငယ်” ခေါင်းစဉ်ဖြင့် ပြပွဲ၊ ပြိုင်ပွဲအား ဆုပေးပွဲကျင်းပ



**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန် တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသော “ဆေးလိပ်၊ ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ်တို့လူငယ်”ခေါင်းစဉ်ဖြင့် ပန်းချီပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀ နာရီက အထက(၂) မြတ်ပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ လမ်းမတော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်စိန်က ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်အားရှင်းလင်းပြောကြားပြီး အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ကြီး ဒေါ်နီလာမော်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် လမ်းမတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသက်နောင်ဖြူနှင့် တာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြသည်။

အဆိုပါ“ဆေးလိပ်၊ ဆေးရွက်ကြီး လွှမ်းမိုးမှုအန္တရာယ် သတိပြုကာကွယ်တို့လူငယ်” ခေါင်းစဉ်ဖြင့် ပြပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

# သန့်ရှင်းသော လေရရှိဖို့ ရင်းနှီးမြှုပ်နှံမှု စတင်စို့

ဒေါက်တာတင်အောင်ဝင်း (ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန)

**ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပေါ်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများတွင် လေထုညစ်ညမ်းမှုသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ လေထုညစ်ညမ်းမှုသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်ပေါ်စေရုံသာမက လူသားတို့၏ ကျန်းမာရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း ထိခိုက်စေလျက်ရှိပါသည်။**

လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် အဓိက အကြောင်းရင်းများမှာ မော်တော်ယာဉ်အပါအဝင် ယာဉ်အမျိုးမျိုးမှ ထုတ်လွှတ်သည့် အခိုးအငွေ့များ၊ စက်ရုံများမှ ထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များ၊ နေအိမ်များမှ ထွက်ရှိလာသော အခိုးအငွေ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ရှိလာသော အမှုန်အမွှားများ၊ မီးတောင်ပေါက်ကွဲမှု၊ မုန်တိုင်းဖြစ်ပေါ်မှုနှင့် တောမီးလောင်ကျွမ်းမှုတို့ကြောင့် ဖြစ်ပေါ်လာသော အမှုန်အမွှားများ၊ အခိုးအငွေ့များနှင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများနှင့် လုပ်ငန်းကဏ္ဍအသီးသီးမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို လေဟာပြင်တွင် မီးရှို့ခြင်းမှ ဖြစ်ပေါ်လာသော အမှုန်အမွှားများနှင့် အခိုးအငွေ့များကြောင့် ဖြစ်ပါသည်။

## ရာသီဥတုပြောင်းလဲလာပြီး အပူချိန်မြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာသည့် တောမီးလောင်ကျွမ်းခြင်း

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများ၌ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာခြင်း၊ မော်တော်ယာဉ်အသုံးပြုမှုများပြားလာခြင်း၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လာခြင်း၊ ရုပ်ကြွင်းလောင်စာအသုံးပြုမှု များပြားလာခြင်းတို့နှင့်အတူ ရာသီဥတုပြောင်းလဲလာပြီး အပူချိန်မြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာသည့် တောမီးလောင်ကျွမ်းခြင်းများသည်လည်း လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်စေလျက်ရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

လေထုညစ်ညမ်းမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ–

- လေထုညစ်ညမ်းမှုသည် ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ ကျန်းမာရေးအပေါ် အန္တရာယ်ပြုလျက်ရှိသော ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာ အကြီးမားဆုံးခြိမ်းခြောက်မှုတစ်ခု ဖြစ်လာပါကြောင်း၊
- လေထုညစ်ညမ်းမှု ဖြစ်ပေါ်စေသော ညစ်ညမ်းပစ္စည်းများသည် ရာသီဥတုအပေါ် သက်ရောက်မှုရှိနေခြင်းနှင့် လေထုညစ်ညမ်းမှုမှတစ်ဆင့် ကမ္ဘာ့လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့များ ပိုမိုရောက်ရှိလာသည့်အတွက် ကမ္ဘာ့ပျမ်းမျှအပူချိန်မြင့်တက်လာခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် ဆက်စပ်လျက်ရှိကြောင်း၊
- လေထုညစ်ညမ်းမှုကြောင့် လူဦးရေ ခုနစ်သန်းခန့်သည် အရွယ်မတိုင်မီ နှစ်စဉ်သေဆုံးနေရကြောင်း၊
- ကမ္ဘာတစ်ဝန်းတွင် သေဆုံးသည့် လူ ကိုးဦးတွင် တစ်ဦးသည် လေထုညစ်ညမ်းမှုကြောင့် သေဆုံးလျက်ရှိနေကြောင်း၊
- ၂၀၁၉ ခုနှစ်တွင် ပြင်ပလေထုညစ်ညမ်းမှုကြောင့် ကမ္ဘာ့လူဦးရေ လေးသန်းခန့် သေဆုံးခဲ့ရပြီး ၂၀၁၉ ခုနှစ်အတွင်း သေဆုံးခဲ့သည့် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းသည် ပြင်ပလေထုအတွင်းရှိ ညစ်ညမ်းနေသည့် အမှုန်အမွှားများကြောင့်ဖြစ်ကြောင်းနှင့် အရှေ့အာရှနှင့် ဥရောပအလယ်ပိုင်းဒေသများတွင် သေဆုံးမှုအများဆုံး ဖြစ်ပေါ်ခဲ့ရကြောင်း၊
- ၂၀၂၁ ခုနှစ်တွင် လေ့လာတွေ့ရှိချက်များအရ နှလုံးရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါ၊ အဆုတ်ကင်ဆာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားပြီး အရွယ်မတိုင်မီ နှစ်စဉ်သေဆုံးသူ ကမ္ဘာ့လူဦးရေ ၈ ဒသမ ၁ သန်းခန့်၏ သေဆုံးရခြင်းနှင့်ဆက်စပ်သည့် အဓိကဆိုးကျိုးများတွင် လေထုညစ်ညမ်းမှုသည် ဒုတိယမြောက် ဆိုးကျိုးတစ်ခုအဖြစ် လေ့လာတွေ့ရှိရကြောင်း၊
- ၂၀၂၁ ခုနှစ်တွင် လေ့လာတွေ့ရှိချက်များအရ အသက် ငါးနှစ်အောက် ကလေးများ သေဆုံးသူဦးရေ ခုနစ်သိန်းကျော်သည် အိမ်တွင်းလေထုညစ်ညမ်းမှု၊ ပြင်ပလေထုညစ်ညမ်းမှုတို့နှင့် ဆက်စပ်လျက်ရှိကြောင်း၊
- လေထုအရည်အသွေး စီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများနှင့်အတူ လေထုညစ်ညမ်းမှုကို အလျင်အမြန် ဖြေရှင်းဆောင်ရွက်မှုများအတွက် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် လိုအပ်နေပြီဖြစ်ကြောင်း။

အဆိုပါလေ့လာတွေ့ရှိချက်များအရ လေထုညစ်ညမ်းမှုကြောင့် ထိခိုက်မှုများ နှစ်စဉ်တိုးမြင့်လာသည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကမ္ဘာတစ်ဝန်းတွင် ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်နိုင်ရန်နှင့် ကမ္ဘာပေါ်ရှိ လူသားတို့၏ ကျန်းမာရေးအပေါ် ထိခိုက်နေမှုများကို ကြိုတင်ကာကွယ်နိုင်ရန် ရည်ရွယ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၀၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် Air Quality Guidelines Global Update 2005 အား ပြင်ဆင်ပြီး WHO Global Air Quality Guidelines 2021 ကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် လေ့လာခဲ့သော ကမ္ဘာတစ်ဝန်းရှိ လေထုအရည်အသွေးအခြေအနေများအား ပြန်လည်ဆန်းစစ်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းခန့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်ထားသော WHO Global Air Quality Guidelines 2021 ပါ လေထုအရည်အသွေး လမ်းညွှန်ချက်များနှင့် ကိုက်ညီမှုမရှိသော လေထုအရည်အသွေးရှိသည့်နေရာများတွင် နေထိုင်နေကြရကြောင်း လေ့လာတွေ့ရှိရပါသည် –



New WHO Global Air Quality Guidelines

| Pollutant | | Time | 2005 levels | New 2021 levels |
|---|---|---|---|---|
| $PM_{2.5}$ | Particulate matter <2,5 microns | Annual | 10 | 5 |
| | | 24-hour | 25 | 15 |
| $PM_{10}$ | Particulate matter <10 microns | Annual | 20 | 15 |
| | | 24-hour | 50 | 45 |
| $O_3$ | Ozone | Peak season | - | 60 |
| | | 8-hour | 100 | 100 |
| $NO_2$ | Nitrogen dioxide | Annual | 40 | 10 |
| | | 24-hour | - | 25 |
| $SO_2$ | Sulfur dioxide | 24-hour | 20 | 40 |
| CO | Carbon monoxide | 24-hour | - | 4 |

အဆိုပါလေ့လာတွေ့ရှိချက်များအရ ကမ္ဘာတစ်ဝန်းတွင် လေထုညစ်ညမ်းမှုကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိကြောင်းနှင့် လက်ရှိရင်ဆိုင်ကြုံတွေ့နေရသော ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုဆိုင်ရာ စိန်ခေါ်မှုပြဿနာများအနက်မှ လေထုညစ်ညမ်းမှုပြဿနာကို ဦးစားပေးအနေဖြင့် အလေးထားဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ကြောင်းတို့ကို လေ့လာတွေ့ရှိနိုင်ပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ လေထုအရည်အသွေး ကောင်းမွန်နေစေရန်နှင့် လေထုညစ်ညမ်းမှုအား ဖြေရှင်းဆောင်ရွက်မှုများ တိုးတက်လာစေရန် ရည်ရွယ်ပြီး စက်တင်ဘာလ ၇ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies) အဖြစ် သတ်မှတ်ရန် ၂၀၁၉ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် (၇၄) ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံမှ ဆုံးဖြတ်ခဲ့ပါသည်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့၏ ဆောင်ပုဒ်မှာ **“သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှုစတင်စို့ (Invest in #Clean Air Now)”** ဖြစ်ပါသည်။ အဆိုပါဆောင်ပုဒ်၏ ရည်ရွယ်ချက်မှာ လေထုညစ်ညမ်းမှုကို ကမ္ဘာ့နိုင်ငံများ ပူးပေါင်းပြီး အလျင်အမြန် ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ လေထုအရည်အသွေးစီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများနှင့်အတူ ဖြေရှင်းဆောင်ရွက်မှုများအတွက် ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် လေထုညစ်ညမ်းမှုနှင့်ပတ်သက်ပြီး ကမ္ဘာပေါ်ရှိ လူသားအားလုံး၊ နိုင်ငံအားလုံး ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ပါကြောင်းကို မီးမောင်းထိုးပြလိုခြင်း ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ သက်ဆိုင်ရာကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်နိုင်မည်ဆိုပါက လေထုညစ်ညမ်းမှုကို ပိုမိုထိရောက်စွာ ဖြေရှင်းဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်–

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ** – လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်မည့် အစီအစဉ်များနှင့် ဖြေရှင်းဆောင်ရွက်မည့် အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုများကို ကဏ္ဍအလိုက် လျှော့ချမည့်အစီအစဉ်များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ လေထုအရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းခြင်း၊ သစ်တောနှင့် ဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ သဘာဝအခြေပြုဖြေရှင်းနည်းများ (Nature–Based Solutions) ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု၊ တောမီးလောင်ကျွမ်းမှုနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် မီးလောင်ကျွမ်းမှုများကို ကာကွယ်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခြင်းနှင့် သတ်မှတ်ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ လေထုအရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း။

**စက်မှုလုပ်ငန်းကဏ္ဍ** – လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်ခြင်း၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များကို သန့်စင်သည့်ကိရိယာများ တပ်ဆင်နိုင်ရေး ဆောင်ရွက်ခြင်း၊ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေနိုင်သော သန့်ရှင်းသည့်စွမ်းအင်များကို အသုံးပြုခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိပြီး လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေနိုင်သော နည်းပညာများကို အသုံးပြုခြင်းနှင့် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ထိန်းချုပ်ရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းများကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း။

စာမျက်နှာ ၇ သို့ ◆

**“လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းနိုင်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းသည် နောင်တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာသည့်အခါ ကုန်ကျမည့် ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအလိုက် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားများ သက်ရှည်ကျန်းမာပျော်ရွှင်မှု၊ ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းသောလေထုအရည်အသွေးနှင့် ပတ်ဝန်းကျင်ကိုရရှိနိုင်ရေးတို့အတွက် ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတစ်ရပ်ပင်ဖြစ်”**

# ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ





**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်နိုင်ငံတော်အတွက် အဓိက စွမ်းအားစုဖြစ်သည့် ကျောင်းသား ကျောင်းသူ လူငယ်များကို အားကစားကဏ္ဍအပါအဝင် ဘက်စုံ၊ ကဏ္ဍစုံတွင် နိုင်ငံ၏ သားကောင်း သမီးကောင်းများ ဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပသည့် ၂၀၂၄ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲ၏ အုပ်စု(ခ) နောက်ဆုံးပွဲစဉ်များကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

ကွင်းအမှတ်(၁)တွင် ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပညာရေးဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

အဆိုပါအသင်းများ ယှဉ်ပြိုင်ကစားနေမှုကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီဝင်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ တက္ကသိုလ်ကျောင်းသားကျောင်းသူ၊ ဆရာ ဆရာမများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဝန်ထမ်းမိသားစုများနှင့် ဝါသနာရှင်ပြည်သူများ လာရောက်ကြည့်ရှုအားပေးကြသည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ အုပ်စု(ခ)မှ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းတို့ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ကြပြီး အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၁)၌ ပထမပွဲစဉ်အဖြစ် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ ဒုတိယပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

◆ စာမျက်နှာ ၆ မှ



**စွမ်းအင်ကဏ္ဍ** – လေထုညစ်ညမ်းမှုကို ကာကွယ်နိုင်သော၊ ကမ္ဘာ့အပူချိန်မြင့်တက်မှုကို လျှော့ချနိုင်သော၊ မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချနိုင်သော လေအားစွမ်းအင်၊ ရေအားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင်တို့ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေနိုင်သော သန့်ရှင်းသည့်စွမ်းအင်များရရှိအောင် ဆောင်ရွက်ခြင်းနှင့် ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လာစေရေး ဆောင်ရွက်ခြင်း။

**သယ်ယူပို့ဆောင်ရေးလုပ်ငန်းကဏ္ဍ** – အများသုံး သယ်ယူပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း၊ Electric Vehicle (EV) များ အသုံးပြုနိုင်ရေး ဆောင်ရွက်ခြင်းနှင့် လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သည့် သယ်ယူပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း။




**စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုလုပ်ငန်းကဏ္ဍ** – စွန့်ပစ်ပစ္စည်းထွက်ရှိမှု လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်သုံးစွဲခြင်း (3R) စနစ်ဖြင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲခြင်း၊ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သော နည်းပညာများကို အသုံးပြုခြင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေသော စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုစနစ်များ တိုးမြှင့်လာစေရေး ဆောင်ရွက်ခြင်း။

**မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ** – မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိသော မြို့ပြလူနေမှုစနစ်များ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း။

**စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ** – လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများကို မြေဆွေးအဖြစ် ပြန်လည်အသုံးပြုခြင်းနှင့် စနစ်တကျစီမံခန့်ခွဲခြင်းနှင့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးနည်းစနစ်များနှင့် နည်းပညာများကို အသုံးပြုခြင်း။

**သုတေသနဖွံ့ဖြိုးရေးလုပ်ငန်းကဏ္ဍ** – နိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးတွင် လက်ရှိဖြစ်ပေါ်နေသည့် လေထုအရည်အသွေးကို ဆန်းစစ်နိုင်ရေးနှင့် လေထုအရည်အသွေးဆိုင်ရာ အခြေခံအချက်အလက်များ ရရှိနိုင်ရေးအတွက် လေထုအရည်အသွေးကို စဉ်ဆက်မပြတ် စောင့်ကြည့်တိုင်းတာစစ်ဆေးပြီး လေ့လာဆန်းစစ်မှုများနှင့် သုတေသနပြုမှုများ ဆောင်ရွက်ခြင်းနှင့် လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်ခြင်းနှင့် ဖြေရှင်းဆောင်ရွက်နိုင်ရေးဆိုင်ရာ သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း။

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းနိုင်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းသည် နောင်တွင် လေထုညစ်ညမ်းမှုဖြစ်ပေါ်လာသည့်အခါ ကုန်ကျမည့် ကုန်ကျစရိတ်များကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိ နိုင်ငံအလိုက် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းဆောင်ရွက်နိုင်ရေးတို့အတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ခြင်းသည် နိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားများ သက်ရှည်ကျန်းမာပျော်ရွှင်မှု၊ ကျန်းမာရေးနှင့် ညီညွတ်သော သန့်ရှင်းသော လေထုအရည်အသွေးနှင့် ပတ်ဝန်းကျင်ကိုရရှိနိုင်ရေးတို့အတွက် ဖြစ်ပါသည်။ ထို့ပြင် ကမ္ဘာတစ်ဝန်း လက်ရှိဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုကို ဖြေရှင်းဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဖြေရှင်းနိုင်ရေးတို့အတွက် ဆောင်ရွက်ရာတွင် တစ်ဦးတစ်ယောက်ချင်း၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးလုပ်ငန်းစဉ်များကို မဖြစ်မနေ ထည့်သွင်းပေါင်းစပ်ပြီး အလေးထား အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်လှပါသည်။

**နည်းပညာနှင့် အတွေ့အကြုံများ**

ထို့ပြင် နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသော နည်းပညာနှင့် အတွေ့အကြုံများအပေါ် အခြေခံပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ရေရှည်တည်တံ့ရေး၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးနှင့် လေထုညစ်ညမ်းမှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဟန်ချက်ညီသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ လူသားတိုင်း သက်ရှည်ကျန်းမာပျော်ရွှင်စွာ ရှင်သန်နိုင်ရေး၊ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ကောင်းမွန်သန့်ရှင်းနေစေရေးနှင့် သန့်ရှင်းသော ပတ်ဝန်းကျင်နှင့် ကောင်းမွန်သော ဂေဟစနစ်တို့အား ဆက်လက်ထိန်းသိမ်းသွားနိုင်ရေးတို့ကို မျှော်မှန်းပြီး လေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် အလေးအနက်ရည်မှန်းလျက် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့တွင် ရောက်ရှိသော **အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ (International Day of Clean Air for Blue Skies)** အား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။ ။

> **❝ နိုင်ငံတကာတွင် အောင်မြင်မှုရရှိနေသော နည်းပညာနှင့် အတွေ့အကြုံများအပေါ် အခြေခံပြီး သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ် ရေရှည်တည်တံ့ရေး၊ မှန်လုံအိမ်ဓာတ်ငွေ့လျှော့ချရေးနှင့် လေထုညစ်ညမ်းမှုကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်သွားခြင်းအားဖြင့် ရေရှည်တည်တံ့ပြီး စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ဟန်ချက်ညီသော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို ရရှိအောင် ဆောင်ရွက်သွားနိုင်မည်ဖြစ် ❞**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Brilliance Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် KAIYI B–EV အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ လာရောက် ဂုဏ်ပြုပေးအပ်

နေပြည်တော် စက်တင်ဘာ ၅

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ စက်တင်ဘာ ၄ ရက်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများ ဂုဏ်ပြုပေးအပ်ခြင်းကို ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၈၃ သိန်းကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာနှင့် ထောက်ပံ့ပစ္စည်းများကို ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာနှင့် ပစ္စည်းများကို ရှေ့တန်းစစ်မျက်နှာများတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှပ်ရှပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်





## ကော့သောင်းမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲပြုလုပ်

ကော့သောင်း စက်တင်ဘာ ၅

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့တွင်(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်အဆင့် ပြိုင်ပွဲ ဆုချီးမြှင့်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် ညပိုင်းက ကော့သောင်းမြို့ မဇ္ဈူသကခန်းမ၌ ကျင်းပသည်။

**ဖျော်ဖြေတင်ဆက်**

အဆိုပါ အခမ်းအနားတွင် တာဝန်ရှိသူများက အခြေခံပညာအဆင့် အသက် ၁၀ နှစ်မှ ၁၅ နှစ်နှင့် အသက် ၁၅ နှစ်မှ ၂၀ နှစ် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများ၊ ဝါသနာရှင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများမှ ဂုဏ်ပြုဆုများ၊ တတိယဆု၊ ဒုတိယဆုနှင့် ပထမဆု ရရှိကြသော ပြိုင်ပွဲများအား ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြပြီး ကော့သောင်းခရိုင်အဆင့် ပြိုင်ပွဲမှ ပြိုင်ပွဲဝင်များက အဆို၊ အက အလှ၊ အတီး၊ အမှုတ်များဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

❍ ONE 168 မှ

အောင်လအန်ဆန်သည် ၂၀၂၃ ခုနှစ် မေ ၅ ရက်တွင် တရုတ်နိုင်ငံသား ဖန်ယုံနှင့် ထိုးသတ်ပြီးနောက် ၁၆ လ ကျော်ကြာမှသာ ပွဲထိုးသတ်ခွင့်ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် ONE Championship ၏ လိုက်ဟဲဗီးဝိတ်တန်းနှင့် မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်ပြီး ချန်ပီယံခါးပတ်နှစ်ခု လက်လွှတ်ရပြီးနောက်ပိုင်း စိန်ခေါ်ပွဲငါးပွဲထိုးသတ်ထားရာ လေးပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ နောက်ဆုံးသုံးပွဲဆက်တိုက် အနိုင်ရထားသော်လည်း ယခုပွဲကို မစ်ဒယ်ဝိတ်တန်း စိန်ခေါ်ပွဲအဖြစ်သာ ထိုးသတ်ရမည်ဖြစ်သည်။ အောင်လအန်ဆန်နှင့် အာဒိုဂန်သည် နောက်ဆုံးပွဲကို ၂၀၂၃ ခုနှစ် နှစ်လယ်ပိုင်းတွင် တရုတ်နိုင်ငံသား ဖန်ယုံနှင့် ထိုးသတ်ထားပြီး နှစ်ဦးစလုံး အနိုင်ရရှိထားသည်။

ONE 168: Denver ပြိုင်ပွဲတွင် တွဲဆိုင်းစုစုပေါင်း ၁၂ ပွဲ ပါဝင်မည်ဖြစ်ပြီး Main Event အဖြစ် မွေထိုင်းဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲတွင် ဗြိတိန်နိုင်ငံသား ဂျွန်နသန်နှင့် ထိုင်းနိုင်ငံသား ဆူပါလက်၊ Co–Main Event အဖြစ် Flyweight Submission Grappling World Championship တွင် အမေရိကန်နိုင်ငံသား မစ်ကီနှင့် ဘရာဇီးနိုင်ငံသား ဘီဘီတိုတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။

သတင်း–ရှိုင်းထက်ဇော်၊ ဓာတ်ပုံ–ONE Championship

## (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

(ယမန်နေ့မှ အဆက်)

၃။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ပန်းဟေဝန် (ယိုးဒယား)
- (ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
- (ဂ) ဆီးနှင်းပြိုက်ကြ (ကြိုး)

၄။ **အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မှိုင်းရိပ်ကယ်တည့် (ကြိုး)
- (ခ) တောဟေဝန်လယ် (ယိုးဒယား)
- (ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၅။ **အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ကန္တာလေတောခြေ (ယိုးဒယား)
- (ခ) မြတ်ပလ္လင်တော်ရှေ့ (ဘွဲ့)
- (ဂ) သီလာမြေယံ (ကြိုး)

**“စန္ဒရား” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ **ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) တောမြိုင်ခြေလမ်း (ယိုးဒယား)
- (ခ) ယမုန်နာ (ပတ်ပျိုး)
- (ဂ) ပန်းမြိုင်လယ် (ယိုးဒယား)
- (ဃ) ကောင်းချီးသခ်ၤါ (မွန်)
- (င) မိုဃ်းဒေဝါ– ချိန်ခါလေ (ပတ်ပျိုး)
- (စ) ယသော်ဓရာ (ယိုးဒယား)
- (ဆ) သေနင်္ဂမည် (မိုးဘွဲ့ပတ်ပျိုး)
- (ဇ) နှစ်ကိုယ်သစ္စာ (ပတ်ပျိုး)

၂။ **ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) သောင်းရွှေလယ် (ယိုးဒယား)
- (ခ) မွေးလွန်းသည့်ပန်း (ကာလပေါ်) စန္ဒရားချစ်ဆွေ(Key–$A^b$)
- (ဂ) ချစ်သမျှကို (ပတ်ပျိုး)
- (ဃ) တောဟေဝန်လယ် (ယိုးဒယား)
- (င) ပန်းဟေဝန် (ယိုးဒယား)

၃။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မဲဇာတောင်ခြေ (ပတ်ပျိုး)
- (ခ) ချစ်ဦးမောင့်ထံပြန်လာပါ (ကာလပေါ်) ဟသ်ာတအောင်တင်ဝင်း (Key–$E^b$)
- (ဂ) မော်ရုံဟေဝန် (ယိုးဒယား)

၄။ **အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မြိုင်ယံရွှေလှျံ (ပတ်ပျိုး)
- (ခ) ချောကလျာ (ကာလပေါ်) စန္ဒရားချစ်ဆွေ(Key–$E^b$)
- (ဂ) အောင်မင်္ဂလာ (ယိုးဒယား)

၅။ **အခြေခံပညာ (၁၀– ၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) မင်္ဂလာသီရိမြေမြတ်စွာ (ဘွဲ့)
- (ခ) သောင်းသောင်းညံ (ယိုးဒယား)
- (ဂ) နှစ်ယောက်ထဲနေချင်တယ် (ကာလပေါ်) မာမာအေး (Key–F)

**“ပတ္တလား” ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ **ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ထွန်းလင်းလျှံလက် (ပတ်ပျိုး)
- (ခ) ညာသပြေဘောင် (ကြိုး)
- (ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
- (ဃ) အောင်မင်္ဂလာ (ယိုးဒယား)
- (င) ညင်းညင်း (မွန်)
- (စ) ဟေမဝန်ချာ (ဘွဲ့)
- (ဆ) ခိုင်ပန်းစုံ (ထပ်တွန့်ယိုးဒယား)
- (ဇ) ရွှေပန်းပန်အစချီ ကိုယ်တော်နှင်းနှံ့ (လေးထွေသံကတ်) (လေးပေါက်အောက်ပြန်ဖြင့် တီးရပါမည်)

၂။ **ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
- (ခ) အမင်းမင်းခယ (သီချင်းခံ)
- (ဂ) အောင်မြေမြမန်း (ပတ်ပျိုး)
- (ဃ) သြဘာမင်္ဂလာ (ဘွဲ့)
- (င) ရီရီဆိုင်းဆိုင်း (ကြိုး)

၃။ **အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ရှစ်စုံရွက်ကြာ (ပတ်ပျိုး)
- (ခ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
- (ဂ) မှိုင်းရိပ်ကယ်တည့် (ကြိုး)

၄။ **အခြေခံပညာ (၁၅– ၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)**
- (က) ညဥ့်သုံးယံခါ (ပတ်ပျိုး)
- (ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
- (ဂ) သောင်းသောင်းညံ (ယိုးဒယား)

(ဆက်လက်ဖော်ပြပါမည်)

# ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ် ( ၁၀၈ /၂၀၂၄)
၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၉ ရက်
(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်)

အလုပ်သမားဝန်ကြီးဌာနသည် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေပုဒ်မ ၃၁ ပုဒ်မခွဲ (ခ)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိတို့ရရှိသည့် လုပ်ခလစာများကို တရားဝင်လမ်းကြောင်းများမှတစ်ဆင့် လွှဲပြောင်းပေးပို့ရန်သတ်မှတ်ခြင်း**

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမားများသည် ပြည်ပနိုင်ငံတွင် မိမိရရှိမည့် လုပ်ခလစာ၏ အနည်းဆုံး ၂၅ % ကို မိမိ၏မိသားစုဝင်များထံသို့ တရားဝင်ဘဏ်စနစ်ဖြင့်ဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထုတ်ပေးထားသည့် Remittance Business License (RBL) ရရှိသူများဖြင့်ဖြစ်စေ၊ ဘဏ်စနစ်ဖြင့် ချိတ်ဆက်ထားသော နိုင်ငံတကာငွေလွှဲဝန်ဆောင်မှုလုပ်ငန်းများဖြင့်ဖြစ်စေ တစ်လလျှင်တစ်ကြိမ် လုပ်ခလစာ၏ ၂၅% သို့မဟုတ် အများဆုံး ၃ လလျှင် တစ်ကြိမ် ၃ လစာ စုစုပေါင်း၏ အနည်းဆုံး ၂၅ % ကို မိမိ၏မိသားစုဝင်များထံသို့ သို့မဟုတ် မိခင်နိုင်ငံရှိ မိမိ၏ဘဏ်စာရင်းသို့ လွှဲပြောင်းပေးပို့ရမည်။

၂။ အပိုဒ် ၁ ပါ နည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ တရားဝင်လွှဲပို့ထားသော မိသားစုလွှဲပို့ငွေများကို တည်ဆဲဥပဒေများနှင့်အညီ ဝင်ငွေရလမ်းဖော်ပြနိုင်သောငွေအဖြစ် ခံစားခွင့်ရရှိနိုင်ရေး တရားဝင်လွှဲပြောင်းပေးပို့ခဲ့သည့် အထောက်အထား စာရွက်စာတမ်းများကို သေချာစွာ သိမ်းဆည်းထားရမည်။

၃။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်နေသည့် အလုပ်သမားများသည် အပိုဒ် ၁ ပါနည်းလမ်းများအတိုင်း တရားဝင်ငွေလွှဲပေးပို့ထားသည့် အထောက်အထားများကို မိမိအားတာဝန်ယူစေလွှတ်ခဲ့သည့် အေဂျင်စီထံသို့ မပျက်မကွက် မိတ္တူပေးပို့ရမည်။

၄။ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများသည် မိမိစေလွှတ်ခဲ့သည့် အလုပ်သမားများအား တရားဝင်ငွေလွှဲပြောင်းပေးပို့ရာတွင် လွယ်ကူ၊ မှန်ကန်၊ မြန်ဆန်စေရေး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရမည့်အပြင် အလုပ်သမားများမှ လစဉ်လွှဲပို့သည့်အထောက်အထားများကို အလုပ်သမားဝန်ကြီးဌာနသို့ လချုပ်အဖြစ် အထောက်အထားများပူးတွဲလျက် မပျက်မကွက်တင်ပြရမည်။

၅။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် အပိုဒ် ၁ ပါ နည်းလမ်းများအတိုင်း မိမိ၏မိသားစုဝင်များထံသို့ မိသားစုလွှဲပို့ငွေ လွှဲပြောင်းပေးပို့ရန် ပျက်ကွက်သည်ကို စိစစ်တွေ့ရှိရပါက ပြည်ပသို့ အလုပ်ဖြင့်ထွက်ခွာမှုကို ကာလအကန့်အသတ်ဖြင့် ပိတ်ပင်ခြင်း၊ ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (Overseas Worker Identification Card – OWIC) ထုတ်ပေးမှုမပြုခြင်း၊ နိုင်ငံကူးလက်မှတ်သက်တမ်းတိုးမြှင့်ခွင့်မပြုခြင်း စသည်တို့အပြင် လိုအပ်သလို စိစစ်အရေးယူဆောင်ရွက်ခြင်း ခံရမည်ဖြစ်သည်။

၆။ ပြည်ပရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် မိမိ၏မိသားစုဝင်များထံသို့ ငွေလွှဲပို့ရာတွင် မိသားစုလွှဲပို့ငွေများကို တရားမဝင်ဟွန်ဒီလုပ်ငန်း လုပ်ကိုင်သူများမှတစ်ဆင့် ငွေလွှဲပြောင်းပေးပို့ခြင်းမပြု (မပြု) ကြရန်နှင့် တရားဝင်လမ်းကြောင်းများမှသာ လွှဲပြောင်းပေးပို့ကြရမည်ဖြစ်သည်။

မြင့်နောင်
ပြည်ထောင်စုဝန်ကြီး




## “Blue Pansy” လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် စက်တင်ဘာ ၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် “Blue Pansy” လိပ်ပြာပုံ** (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား **၂၀၂၄ ခုနှစ်၊ စက်တင်ဘာ (၉) ရက်၊ မြန်မာ သက္ကရာဇ် ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း (၇) ရက် (တနင်္လာနေ့) နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **၂၀၂၄ ခုနှစ်၊ စက်တင်ဘာ (၉)ရက် (တနင်္လာနေ့)**တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။ **သတင်းစဉ်**

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့် လျှောက်ထားလာသည့်အဖွဲ့ ၁၇ ဖွဲ့ရှိပြီး လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၄ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ဦးခင်မောင်ဦး ခေါင်းဆောင်သည့် **ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Unity and Development Party)** က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၃ ပါတီအနက် ပါတီ ၁၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မရမ်းကုန်းမြို့နယ်၌ စာစီစာကုံးပြိုင်ပွဲ၊ ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ စာအုပ်ပြပွဲကျင်းပ

**မရမ်းကုန်း စက်တင်ဘာ ၅**

ရန်ကုန်တိုင်း ဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသော “ဆေးလိပ်ဆေးရွက်ကြီး အန္တရာယ် သတိပြုကာကွယ်တို့လူငယ်”ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် အသိပညာပေးစာစီစာကုံးပြိုင်ပွဲဟောပြောပွဲနှင့် နံရံကပ်စာစောင်စာအုပ်ပြပွဲကို ယမန်နေ့ နံနက်၉နာရီက မရမ်းကုန်းမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၀ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရဲနောင်ချစ်က စာစီစာကုံးပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ စာရေးဆရာ မြေလတ်ထင်ကျော်မိုးက ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ်အကြောင်း အရာများကို လည်းကောင်း အသိပညာပေးဟောပြောခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ရာ ကျောင်းအုပ်ဆရာကြီး ဦးမင်းကိုကိုဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများသည် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ဆေးလိပ်ဆေးရွက်ကြီးနှင့် ပတ်သက်သည့် အသိပညာပေး ပိုစတာများ၊ သုတ/ ရသစာအုပ်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟို၌ အခြေခံရှေးဦးပြုစုခြင်းသင်တန်းဖွင့်

**တာမွေ စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီနှင့် မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ အဆိုပါ မူးယစ်ဆေးစွဲသူများပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း အချိန်ပိုင်းအလုပ်အမှုဆောင် ကြက်ခြေနီတပ်ဖွဲ့မှူးချုပ် (တာဝန်) ဦးကျော်မိုးကြည်က အဖွင့်အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက မေတ္တာစံအိမ်ရှိ သင်တန်းသားများအတွက် ပါးစပ်/နှာခေါင်းစည်းများနှင့် ခေတ်ဆားထုပ်များ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယခုဖွင့်လှစ်သည့် အခြေခံရှေးဦးပြုစုခြင်းသင်တန်းတွင်လည်း မေတ္တာစံအိမ်ရှိ မူးယစ်ဆေးဖြတ်သင်တန်းသားများအား အခြေခံရှေးဦးပြုစုနည်းဆိုင်ရာများကို စာတွေ့၊လက်တွေ့ဖြင့် စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**






## ၂၀၂၄ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်အတွင်း သန့်ရှင်းသာယာရေးနှင့် သီးနှံစိုက်စွမ်းအားတိုးမြှင့်နိုင်ရေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၈ နာရီတွင် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်းဘေးသန့်ရှင်းသာယာရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး စက်ယန္တရားများဖြင့် တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားမြို့နယ် ဓိုးဖြူပင်ကျေးရွာရှိ ကွင်းအမှတ် ၁၇၂၁ ၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးကို ခြောက်တန်းသွား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းသရုပ်ပြစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံကာ စပါးအပါအဝင် သီးနှံများအားလုံး ပန်းတိုင်အထွက်နှုန်းများရရှိရေး၊ သွင်းအားစုများကို စနစ်တကျ ထည့်သွင်းနိုင်ရေး၊ စိုက်ပျိုးရေကို အလေအလွင့်မရှိစေရေး၊ စိုက်ပျိုးနည်းစနစ်များ မှန်ကန်စွာ ဆောင်ရွက်နိုင်ရေးကို အလေးထားလိုက်နာ ဆောင်ရွက်ကြရန် မှာကြားသည်။



ထို့နောက် တောင်သူများက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူများအား အသိပညာပေးဆောင်ရွက်နေသည့် သဘာဝမြေဆွေးများနှင့် သဘာဝမြေသြဇာများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနား- ညောင်ပင်သာကျေးရွာနှင့် မွန်းတည့်ခွင်သို့ ဆက်သွယ်ထားသည့် ကတ္တရာလမ်းပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လမ်းများရေရှည်ကြံ့ခိုင် ကောင်းမွန်စေရေး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သီးနှံစိုက်စွမ်းအား တိုးမြှင့်နိုင်ရေးအတွက် မျိုးစေ့ထုတ်ကုမ္ပဏီများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာ တာဝန်ရှိသူများက တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးလုပ်ငန်းစဉ်များ၊ စိုက်ပျိုးသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်နေမှုနှင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း၊ မျိုးစေ့ထုတ်ကုမ္ပဏီများက မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက ဖြည့်စွက်ဆွေးနွေးတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးနှင့် သီးနှံအထွက်နှုန်းကောင်းမွန်ရေး ကွင်းဆင်းဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၅

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း မိုးစပါးမျိုးသစ်နှင့် မိုးချည်မျှင်ရှည်ဝါစိုက်ခင်းများ၊ ရေလွှဲဆည်နှင့် ရေလှောင်တမံများ၏ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သင်ပန်းကုန်းကျေးရွာအုပ်စု တောင်သူဦးမောင်မောင်နိုင်၏အရည်အသွေးကောင်း အထွက်ကောင်း မိုးစပါးမျိုးသစ် (YSR-1)စံပြကွက်ဧက ၄၀ စိုက်ခင်း၊ ဘွက်ကျေးရွာအုပ်စု သိမ်ကုန်းရှေ့တန်းစခန်းအနီးရှိ တောင်သူဒေါ်ဖြူဖြူဝင်း စိုက်ပျိုးထားသော မိုးချည်မျှင်ရှည်ဝါ(B-31) စိုက်ခင်းနှင့် ကျီးနီကန်အတွင်းသို့ စီးဝင်လျက်ရှိသည့် ရေဝင်ချောင်းတို့ကို ကွင်းဆင်းကြည့်ရှုပြီး သီးနှံပုံစံအလိုက် မြေနေရာရွေးချယ်ရာတွင် ဒေသရေ၊ မြေ၊ ရာသီဥတုနှင့် ကိုက်ညီမှုရှိစေရေး၊ ပန်းတိုင်အထွက်ရရှိရေးနှင့် သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးအတွက် ဒေသခံတောင်သူများနှင့် သက်ဆိုင်ရာဦးစီးဌာနများ ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ချောင်းမကြီးရေလှောင်တမံ၏ တောတွင်လှရေလွှဲဆည် ထိန်းသိမ်းထားရှိမှု၊ ချောင်းမကြီး ဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် မိုးစပါးရေပေးဝေမှု အခြေအနေများကိုလည်းကောင်း၊ ချောင်းကောက်ရေလှောင်တမံ၏ ရေဝင်ရောက်မှု၊ ရေသိုလှောင်ထားရှိမှု၊ မိုးစပါးရေပေးဝေနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက ရေသောက်ဧရိယာများတွင် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေး၊ ရေလွှဲဆည်နှင့် တမံအတွင်း ရေဝင်ရောက်မှုအပေါ်မူတည်၍ စိုက်ဧကတိုးတက် လျာထားနိုင်ရေး၊ မြောင်းရင်းမှ တစ်ကွင်းတစ်စပ်တည်းစိုက်ပျိုးနိုင်ရေး၊ ရေမြေသဘာဝနှင့် ကိုက်ညီသော သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေးလုပ်ငန်းများကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ချောင်းကောက်ရေလှောင်တမံမှ မိတ္ထီလာကန်သို့ ရေပေးသွင်းသည့် ဆက်သွယ်မြောင်းနှင့် ဆက်သွယ်မြောင်းတစ်လျှောက်ရှိ လွန်ငင်ရေလှောင်တမံ၊ လက်ခုပ်ပင် ရေလှောင်တမံနှင့် ညောင်ကုန်း ရေလှောင်တမံတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လှိုင်သာယာမြို့နယ်၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်



ရန်ကုန် စက်တင်ဘာ ၅

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ် ရဲတပ်ဖွဲ့ဝင်များက ယမန်နေ့နံနက်ပိုင်းတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက်ရှိ ရန်ကုန်-ပုသိမ်လမ်း လှိုင်သာယာပြည်သူ့ဆေးရုံကြီးအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် အင်းစိန်ခရိုင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဝင်း ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ဇော်မင်းအောင်၊ စခန်းမှူး ဒုတိယရဲမှူး အောင်ထိုက်မင်း၊ အမှတ်(၆၃) ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး စိုးညွန့်နိုင်နှင့် ရဲတပ်ဖွဲ့ဝင် ၆၀ တို့က ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်များ၊ ပေါင်းမြက်များကို မြက်ရိတ်စက်များဖြင့်လည်းကောင်း သစ်ပင်သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းကြကာ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အိန္ဒိယနိုင်ငံ National Defence College သင်တန်းသားများ မြန်မာနိုင်ငံရှိ အထင်ကရနေရာများသို့ လေ့လာရေးခရီးစဉ် လာရောက်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၅**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ National Defence College မှ အကြီးတန်း နည်းပြအရာရှိ (Senior Directing Staff)ဖြစ်သူ Major General Ajay Kumar Singh, AVSM, SM ဦးဆောင်သော သင်တန်းသားများသည် လေ့လာရေးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့ စက်တင်ဘာ ၁ ရက်တွင် ရောက်ရှိကြသည်။



**သွားရောက်လေ့လာ**

အဆိုပါ သင်တန်းသားများသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းဈေးသို့ သွားရောက်လေ့လာ လည်ပတ်ခြင်း၊ သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြုလေ့လာခြင်း၊ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)နှင့် မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်) သို့ သွားရောက် လေ့လာခြင်းများ ဆောင်ရွက်ကြသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ National Defence College သင်တန်းသားများသည် စက်တင်ဘာ ၃ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက တက္ကသိုလ်၏ သမိုင်းကြောင်းကို ရှင်းလင်းပြသသည်။ ထို့နောက် အဆိုပါ လေ့လာရေးအဖွဲ့သည် ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသမိုင်းပြတိုက် တို့ကို လေ့လာကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့သည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ ယင်းနောက် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုကြပြီး အလှူငွေများပေးအပ်လှူဒါန်းကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးကြသည်။

**ပြန်လည်ထွက်ခွာ**

အိန္ဒိယနိုင်ငံ National Defence College မှ လေ့လာရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

**သတင်းစဉ်**



## အုတ်ဖိုမြို့နယ်၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**အုတ်ဖို စက်တင်ဘာ ၅**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ဥတိုကျေးရွာအောင်ချမ်းသာဆုတောင်းပြည့်စေတီတော်ဝင်းတွင် ယနေ့နံနက် ၇ နာရီက ပတ်ဝန်းကျင်သန့်ရှင်းပြီး ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင်စေရန် ရည်ရွယ်၍ မြို့နယ်ရဲတပ်ဖွဲ့က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မိုး၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက ချုံနွယ်မြက်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရင်ပြင်တော်ပေါ် သန့်ရှင်းရေးပြုလုပ်ခြင်းတို့ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**



၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း အသိပညာပေးဟောပြောခြင်းကို စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပစဉ်။ ဇင်မင်းထိုက်(ထန်းတပင်)



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကော်မတီ၏ ခရိုင်နည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း စိန်ပန်းမြိုင်ခန်းမ၌ ကျင်းပရာ ခရိုင်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ မရမ်းကုန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်နိုင်က အဖွင့်အမှာစကားပြောကြားစဉ်။

မြို့နယ်(ပြန်/ဆက်)

## ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နယ်မြေခံသင်တန်းကျောင်းများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၅/၂၀၂၄)သို့တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းကျောင်းအသီးသီးသို့ ရောက်ရှိလာရာ ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။



**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ထို့နောက် သက်ဆိုင်ရာ သင်တန်းကျောင်းများမှ တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ခန္တီးမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**ခန္တီး စက်တင်ဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ခန္တီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၁၀ နာရီက လူငယ်စကားဝိုင်းကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်နန်းအေးခိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်သန်းထိုက်အောင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ကာ Grade-10 မှ ကျောင်းသား ကျောင်းသူများဖြစ်သည့် မဆုလာဘ်မြင့်မိုရ်က "လူငယ်နှင့် ပညာရေး"၊ မောင်သန်းထွဋ်အောင်က "လူငယ်နှင့်ကျန်းမာရေး"၊ မဆုမြတ်မွန်က "လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး"၊ မောင်မျိုးပိုင်ခန့်က "လူငယ်နှင့် Social Media"စသည့်ခေါင်းစဉ်များဖြင့် အကျယ်တဝင့် ဆွေးနွေးခဲ့ ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာခေါင်းစဉ်အလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ဦးဆောင်ဆွေးနွေးသူ ဦးစီးအရာရှိ ဒေါ်သန်းထိုက်အောင်က လိုအပ်သည်များကို ဖြည့်စွက်ဖြေကြားပေးခဲ့သည်။



အဆိုပါလူငယ်စကားဝိုင်းသို့ ကျောင်းသား ကျောင်းသူ ၆၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေးခိုင်(ပြန်/ဆက်)**

ဥတုရာသီ တောကိုမှီ၏

# တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် 2024 FOCAC ဖွင့်ပွဲအခမ်းအနားကျင်းပ




ပေကျင်း စက်တင်ဘာ ၅

တရုတ်-အာဖရိက ပူးပေါင်းဆောင်ရွက်ရေးဖိုရမ် 2024 FOCAC ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ရှိ Great Hall ခန်းမ၌ ကျင်းပသည်။

**မိန့်ခွန်းပြောကြား**

အဆိုပါအခမ်းအနားတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် တက်ရောက်လာကြသည့် အာဖရိကနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် တရုတ်သမ္မတရှီကျင့်ဖျင်က တရုတ်-အာဖရိက မိတ်ဖက်ဆက်ဆံရေးသည် ကမ္ဘာလုံးဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၏ ထွန်းလင်းသောစံနမူနာဖြစ်ကြောင်း အလေးပေးပြောကြားပြီး တရုတ်နိုင်ငံသည်အာဖရိကရှိအခြေခံအဆောက်အအုံ ချိတ်ဆက်မှုပရောဂျက် ၃၀ ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ အရည်အသွေးမြင့် Belt and Road ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ကုန်းလမ်း-ရေလမ်း ချိတ်ဆက်ထားသည့် တရုတ်-အာဖရိကကွန်ရက်ကို ထူထောင်ရန် ပြင်ဆင်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**တက်ရောက်ဆွေးနွေးကြမည်**

"ခေတ်မီရေးကို လက်တွဲတွန်းအားပေးပြီး အရည်အချင်းမြင့် တရုတ်-အာဖရိက ကံကြမ္မာအသိုင်းအဝိုင်းကို လက်တွဲတည်ဆောက်ခြင်း" ခေါင်းစဉ်ဖြင့် တရုတ်-အာဖရိကပူးပေါင်းဆောင်ရွက်ရေးဖိုရမ် 2024 FOCAC ကို စက်တင်ဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အာဖရိကနိုင်ငံ ၅၃ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များနှင့်တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**ဝေယံ (သုတေသန)**

# မြန်မာစာရေးဆရာအဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ထွက်ခွာ




နေပြည်တော် စက်တင်ဘာ ၅

မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ဦးဆောင်သော မြန်မာစာရေးဆရာအဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယဉ်ကျေးမှုသံရုံး၏ ဖိတ်ကြားချက်အရ စာပေဖလှယ်ရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ နှစ်နိုင်ငံ၏ စာကောင်းပေမွန်များ အပြန်အလှန် ဘာသာပြန်ထုတ်ဝေနိုင်ရေး ကိစ္စရပ်များ ဆွေးနွေးရန်နှင့် လေ့လာရေးခရီး သွားရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ ယနေ့နံနက် ၈ နာရီ မိနစ် ၄၀ တွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ စာရေးဆရာအဖွဲ့တွင် အမျိုးသားစာပေဆု၊ စာပေဗိမာန်စာပေဆု၊ တပ်မတော်နေ့ အထိမ်းအမှတ်ပြိုင်ပွဲ စာပေဆု၊ မဲခေါင်စာပေဆုရ စာရေးဆရာ ဆရာမများ၊ ဘာသာပြန်စာရေးဆရာများ၊ ပုံနှိပ်ထုတ်ဝေသူများနှင့် မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌများ အစရှိသည့် အဖွဲ့ဝင် ၁၀ ဦး ပါဝင်သည်။

**ပို့ဆောင်နှုတ်ဆက်**

ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး) ဦးဆောင်သည့် စာရေးဆရာကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများက လိုက်ပါပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သဃ်္ဃန်းကျွန်းခရိုင်ရဲတပ်ဖွဲ့က စုပေါင်းသွေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၅

နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် ဆ/က ရပ်ကွက် ကျိုက္ကဆံဘုရားလမ်းရှိ သဃ်္ဃန်းကျွန်းပြည်သူ့ဆေးရုံကြီး၌ သဃ်္ဃန်းကျွန်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များစုပေါင်း၍ စက်တင်ဘာ ၄ ရက်က သွေးလှူဒါန်းမှုဆောင်ရွက်ခဲ့ရာ သဃ်္ဃန်းကျွန်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှသိန်း၊ သဃ်္ဃန်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး စောမြိုင်အုံး၊ တောင်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ကောင်းနိုင်၊ ရန်ကင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းဆွေနှင့် တာမွေမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ထွန်းတို့ တက်ရောက်အားပေး၍ သွေးလှူတပ်ဖွဲ့ဝင်များအား အာဟာရဖြည့်စွက်စာအဖြစ် ကြက်ဥ၊ ငှက်ပျောသီး၊ ကွေကာအုပ်၊ Royal – Dနှင့် အားဆေးကတ်တို့အား ပေးအပ်ခဲ့ကြသည်။

**နိုင်ဌေးအောင်**



# ထန်းတပင်မြို့နယ် အပြင်ရေကျော်ကျေးရွာ၌ အခြေခံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်



ထန်းတပင် စက်တင်ဘာ ၅

ရန်ကုန်တိုင်း ဒေသကြီး မှော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ အခြေခံ စက်ချုပ်နည်းပညာ သင်တန်းကို ယနေ့တွင် ထန်းတပင်မြို့နယ် အပြင်ရေကျော်ကျေးရွာ၌ ဖွင့်လှစ်ခဲ့သည်။

**အမှာစကား ပြောကြား**

အခမ်းအနားတွင် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးထင်ကျော်က အဖွင့်အမှာစကား ပြောကြားပြီး မှော်ဘီခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲဇော်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

အဆိုပါသင်တန်းကို တစ်လကြာ စာတွေ့ ၃၀ ရာခိုင်နှုန်းနှင့် လက်တွေ့ ၇၀ ရာခိုင်နှုန်း သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

# စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၅

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၄ လက်မခန့် (၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။ **မိုး/ဇလ**




# အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

မော်လမြိုင် စက်တင်ဘာ ၅

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲပိုင်းတွင် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲ ကျင်းပသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲကို မော်လမြိုင်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူးဒေါ်အေးအေးမွန်နှင့် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စုစုမွန်တို့က စက်တင်ဘာ ၇ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာသန့်ရှင်းသောလေထုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၄ ခုနှစ် အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သော "သန့်ရှင်းသောလေရရှိဖို့ ရင်းနှီးမြှုပ်နှံမှု စတင်စို့" ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ သန့်ရှင်းသောလေထုနေ့ဖြစ်ပေါ်လာပုံ၊ လေထုညစ်ညမ်းမှု၏အဓိပ္ပာယ်၊ လေထုညစ်ညမ်းမှုအဆင့်သတ်မှတ်ချက်များ၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်ရသည့်အကြောင်းရင်းများ၊ လေထုညစ်ညမ်းခြင်း၏ ဆိုးကျိုးများ၊ လေထုညစ်ညမ်းမှု လျှော့ချနိုင်မည့်နည်းလမ်းများနှင့် လေထုညစ်ညမ်းမှုလျှော့ချရေးလှုပ်ရှားမှုများကို အသိပညာပေးဆွေးနွေးခဲ့ပြီး အခြေခံပညာ အထက်တန်းကျောင်းများ၌လည်း အသိပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်၌ နိုင်ငံတကာရေရှည်တည်တံ့မှုဆိုင်ရာဖိုရမ် စတင်ကျင်းပ




**ဂျကာတာ စက်တင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တော်၌ နှစ်ရက်ကြာကျင်းပသည့် နိုင်ငံတကာရေရှည်တည်တံ့မှုဆိုင်ရာဖိုရမ်ကို စက်တင်ဘာ ၄ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါဖိုရမ်သို့ နိုင်ငံပေါင်း ၅၃ နိုင်ငံမှ ခေါင်းဆောင်များ၊ စီအီးအိုများနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ ကျွမ်းကျင်သူများတက်ရောက်ခဲ့သည်။

**ပြောကြား**

ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် စွမ်းအင် ခံနိုင်ရည်ရှိမှု၊ ရာသီဥတုပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုများ၊ စွမ်းအင်အကူးအပြောင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အရေးကြီးသော လိုအပ်ချက်များကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။

နိုင်ငံတကာရေရှည်တည်တံ့မှုဖိုရမ်သည် အသိပညာ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များ မျှဝေနိုင်စေရန်နှင့် ရာသီဥတုပြောင်းလဲမှု၏စိန်ခေါ်မှုကို ကိုင်တွယ်ဖြေရှင်းရာတွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် အသိပညာ၊ အတွေ့အကြုံနှင့် အရင်းအမြစ်များကို ပေါင်းစည်းနိုင်သည့် ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

စိမ်းလန်းသော စွမ်းအင်နှင့် ကာဗွန်စုပ်ယူမှုအတွက် အင်ဒိုနီးရှားနိုင်ငံ၏ ဟက်တာ ၃ ဒသမ ၃ သန်းရှိသော ဒီရေတောများသည် အပူပိုင်းမိုးသစ်တောများထက် ကာဗွန်စုပ်ယူမှု ရှစ်ဆမှ ၁၂ ဆ ပိုမိုထိရောက်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ထောက်ပြခဲ့သည်။

သို့သော် ဖွံ့ဖြိုးပြီးနိုင်ငံများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှု ကြိုးပမ်းမှုများကို အရှိန်မြှင့်ပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရန်ပုံငွေများကို ပံ့ပိုးပေးမှသာ ယင်းအလားအလာကို အပြည့်အဝ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ၎င်းက အလေးအနက်ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ပိုမိုစိမ်းလန်းသောကမ္ဘာကို ဖန်တီးရန်နှင့် အစိမ်းရောင်စွမ်းအင်ကို တရားမျှတစွာရရှိရေးအတွက် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သမ္မတ ဂျိုကိုဝီဒိုဒိုက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာကမ်းမြောင်အလယ်ပိုင်း၌ ကလေးများအား ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးလျက်ရှိ

**ဂျေရုဆလင် စက်တင်ဘာ ၅**

ဂါဇာကမ်းမြောင် အလယ်ပိုင်း၌ အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများ ခေတ္တရပ်တန့်ထားစဉ် ကုလသမဂ္ဂအဖွဲ့ အေဂျင်စီများသည် ကလေးများအား ပိုလီယိုကာကွယ်ဆေးများ တိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

ပိုလီယို ကာကွယ်ဆေးထိုး လှုပ်ရှားမှုကို စက်တင်ဘာ ၁ ရက်တွင် စတင်ခဲ့ပြီး လက်ရှိအချိန်အထိ ကလေးပေါင်း ၁၈၀၀၀၀ ကျော်ကို ပထမအကြိမ် ကာကွယ်ဆေးတိုက်ကျွေးပြီးဖြစ်ကြောင်း သိရသည်။

ယခုအချိန်အထိ ကာကွယ်ဆေးတိုက်ကျွေးခြင်းကို နှောင့်ယှက်တိုက်ခိုက်ခြင်း မရှိသေးကြောင်း ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီက အတည်ပြုပြောကြားခဲ့သည်။

စက်တင်ဘာ ၅ ရက်တွင် ကာကွယ်ဆေး တိုက်ကျွေးမှုကို တောင်ပိုင်းဒေသများ၌ စတင်မည်ဖြစ်သည်။

သို့သော် လွန်ခဲ့သည့် ၂၄ နာရီအတွင်း တောင်ဘက်ရှိ ခန်ယွန်းနစ်နှင့် ရာဖာမြို့တို့၌ အစ္စရေးတပ်ဖွဲ့များက ဆက်လက်တိုက်ခိုက်ခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။



ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးခြင်းလှုပ်ရှားမှု စတင်ချိန်တွင် တောင်ဘက်ပိုင်း၌ တိုက်ပွဲများ ရပ်တန့်သွားနိုင်မည်လားဆိုသည်ကိုမူ ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။

ဂါဇာကမ်းမြောင် ဒေသ၌ အောက်တိုဘာ ၇ ရက်မှစပြီး တိုက်ပွဲများဖြစ်ပွားရာ ယခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ၁၁ လ ပြည့်မြောက်ပြီဖြစ်သည်။ လက်ရှိအချိန်အထိ သေဆုံးသူပေါင်း ၄၀၈၁၉ ဦးရှိကြောင်း ဒေသဆိုင်ရာ ကျန်းမာရေး တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**



# ဝန်ကြီးချုပ်သစ် ပေတုန်တန် လက်အောက်တွင် တာဝန်ထမ်းဆောင်မည့် အစိုးရအဖွဲ့သစ်အား ထိုင်းဘုရင် အတည်ပြုခန့်အပ်

**ဗန်ကောက် စက်တင်ဘာ ၅**

ဝန်ကြီးချုပ်သစ် ပေတုန်တန် လက်အောက်တွင် တာဝန်ထမ်းဆောင်မည့် အစိုးရအဖွဲ့သစ်အား ထိုင်းဘုရင် မဟာဗာဂျီယာ လောင်ကွန်း က ယမန်နေ့တွင် အတည်ပြုခန့်အပ်ခဲ့ကြောင်း တော်ဝင်အမိန့်ပြန်တမ်းအရ သိရသည်။

ဝန်ကြီးချုပ်ပေတုန်တန်ဦးဆောင်သည့် အစိုးရအဖွဲ့သစ်တွင် ဝန်ကြီးချုပ်က အတည်ပြု ရွေးချယ်ထားသည့် ဒုတိယဝန်ကြီးချုပ်ခြောက်ဦးအပါအဝင် ဝန်ကြီး ၃၅ ဦးကို ဘုရင်က အတည်ပြုခန့်အပ်ခဲ့ကြောင်း တော်ဝင် အမိန့်ပြန်တမ်းတွင် ဖော်ပြထားသည်။

အစိုးရအဖွဲ့သစ်သည် စက်တင်ဘာ ၆ ရက်တွင် ဘုရင့်ရှေ့မှောက်၌ ကျမ်းသစ္စာကျိန်ဆိုမည်ဖြစ်သည်။ ဝန်ကြီးချုပ်ပေတုန်တန်က မိမိဦးဆောင်သည့် အစိုးရအဖွဲ့သစ်သည် ဝန်ကြီးချုပ်ဟောင်း ဆရတ် သာသာဗီဆင်လက်ထက်က အကောင်အထည်ဖော်ရန်ကျန်ရှိသည့် ဒစ်ဂျစ်တယ်ပိုက်ဆံအိတ်အစီအစဉ်ကို ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည်ဟု ပြောကြားခဲ့သည်။

ဩဂုတ်လအတွင်းက ကျင်းပသည့်ရွေးကောက်ပွဲတွင် အသက် ၃၇ နှစ်အရွယ်ရှိ ဖွေထိုင်း ပါတီခေါင်းဆောင် ပေတုန်တန် ရှင်နာဝပ်ထရာသည် ထောက်ခံမဲ အများစုရရှိခဲ့ပြီးနောက် ထိုင်းနိုင်ငံ၏ အသက်အငယ်ဆုံးနှင့် ဒုတိယမြောက်အမျိုးသမီးဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ ထိုင်းနိုင်ငံ၏ ယခင် ဝန်ကြီးချုပ် ဆရတ်သာသာဗီဆင်အား လူမှုကျင့်ဝတ်ပျက်ယွင်းမှုဖြင့် ထိုင်းနိုင်ငံ အခြေခံဥပဒေဆိုင်ရာခုံရုံးက ရာထူးမှ ထုတ်ပယ်ခဲ့ပြီးနောက် ပေတုန်တန်ရှင်နာဝပ်ထရာအား ဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# အင်ဒိုနီးရှားနိုင်ငံ၌ လျှပ်စစ်ကားသုံးစွဲမှုမြှင့်တင်ရေး ဆောင်ရွက်

**ဂျကာတာ စက်တင်ဘာ ၅**

အင်ဒိုနီးရှား နိုင်ငံသားများအနေဖြင့် နိုင်ငံအတွင်း လျှပ်စစ်ကားသုံးစွဲမှုမြှင့်တင်ရေးအတွက် ပို့ဆောင်ရေးဝန်ကြီး ဗူဒီ ကာရာဆူမာဒီက နိုင်ငံသားများအား တိုက်တွန်းခဲ့ကြောင်း ယနေ့ ဗွီအင်န် အိတ်ပရက်စ် သတင်းအရ သိရသည်။

နိုင်ငံအတွင်း အစိမ်းရောင် ပို့ဆောင်ရေးစနစ်ကို စတင်သည့်အနေဖြင့် နိုင်ငံသားများအား လျှပ်စစ်ကားများစီးနင်းကြရန် မိမိပြောကြားလိုကြောင်း ၎င်းက ထပ်လောင်း ပြောကြားသည်။ လျှပ်စစ်ကား သုံးစွဲခြင်းဖြင့် နိုင်ငံသားများနှင့် နောင်လာမည့်မျိုးဆက်များအတွက်ပါ အကျိုးကျေးဇူးများစွာရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ နိုင်ငံအတွင်း လျှပ်စစ်ကားသုံးစွဲသည့် လူနေမှုပုံစံတစ်ခုဖြစ်လာမည်ဟု မိမိယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၆၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု သုညအဆင့်ရောက်ရှိရန် ရည်မှန်းထားပြီး နိုင်ငံအတွင်း ၂၀၃၀ ပြည့်နှစ်အရောက်တွင် လျှပ်စစ်ကား နှစ်သန်းအထိ ရှိလာရေး မျှော်မှန်းထားသည်။

**ကိုးကား–ဗွီအင်န်အိတ်ပရက်စ်**
**ဘာသာပြန်– စိုးသူရ**




# ထိုင်းနိုင်ငံ ခြံဘူရီခရိုင် ပတ္တရားမြို့တွင် ရေကြီးရေလျှံမှုဖြစ်ပွား

**ဗန်ကောက် စက်တင်ဘာ ၅**

ထိုင်းနိုင်ငံ ခြံဘူရီခရိုင် ပတ္တရားမြို့တွင် ယမန်နေ့ မှ စတင်၍ မိုးသည်းထန်စွာရွာသွန်းရာမှ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့ကြောင်း ပတ္တရားမေးလ် သတင်းဌာနသတင်းတစ်ရပ်အရ သိရသည်။

ပတ္တရားမြို့တောင်ပိုင်း အဝေးပြေးလမ်းမအနီးရှိ ဆူကန်ဗတ်လမ်းနှင့် ပတ္တရားမြောက်ပိုင်းရှိ တတိယလမ်းအပါအဝင် ဆွိုင်ခါ တာလိုနှင့် ဆွိုင် ဝတ်သမ်ဆန်ခိုင် ရထားလမ်းပိုင်းများ ရေကြီးရေလျှံမှုဖြစ်ခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် တာဝန်ရှိသူများက ရေကြီးရေလျှံမှုများဖြစ်ပွားနေသည့် ဒေသများတွင် ယာဉ်သွားလာမှု အဆင်ပြေစေရေးအတွက် သတိပေးချက်များထုတ်ပြန်ခဲ့ပြီး ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး ရှင်းလင်းဆောင်ရွက်ခဲ့ကြသည်။

**ကိုးကား–ပတ္တရားမေးလ်**
**ဘာသာပြန် –စိုးသူရ**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များကို ဖွဲ့စည်း၍လည်းကောင်း၊ အကောက်ခွန်ဦးစီးဌာနက ဦးဆောင်သည့် One Stop Service ဌာနဆိုင်ရာအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း၊ နယ်စပ်ဝင်/ထွက်ဂိတ်များ၊ နယ်စပ်ကုန်သွယ်ရေးရုံးနှင့် စခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများ၊ ကုန်သွယ်မှုလမ်းကြောင်းတစ်လျှောက်နှင့် ကုန်ပစ္စည်းသိုလှောင်ရုံများ၊ အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် လေဆိပ်များ၊ ကမ်းရိုးတန်းဆိပ်ကမ်းများတွင် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ သတင်းအချက်အလက်ရရှိမှုသည် အလွန်အရေးပါလျက်ရှိသည်။



၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း သိမ်းဆည်းရမိမှု။

တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း သတင်းရရှိမှု ၄၄ ကြိမ်ရရှိခဲ့ပြီး သတင်းမှားနှစ်ကြိမ်၊ နောက်ကျသတင်းတစ်ကြိမ်နှင့် သိမ်းဆည်းရမိမှု ၄၁ ကြိမ်ဖြစ်သည်။ သတင်းရရှိမှုကြောင့် သိမ်းဆည်းရမိ အမှုတွဲ ၆၁ မှု ဖွင့်လှစ်ထားပြီး သိမ်းဆည်းရမိမှုများတွင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများဖြစ်သော ကုန်ပစ္စည်းအမျိုး ၆၀ အပါအဝင် ခန့်မှန်းတန်ဖိုးငွေကျပ် ၉၄၂ ဒသမ ၀၇၅ သန်းနှင့် တရားမဝင်ကုန်စည်များတင်ဆောင်လာသည့် ယာဉ်များအပါအဝင် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိခဲ့သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း သိမ်းဆည်းရမိမှုတန်ဖိုးငွေကျပ် ၉၄၂ ဒသမ ၀၇၅ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၈၈ ဒသမ ၄၁၅ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများကလည်း မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ကြောင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း - ၀၉၄၀၄၃၃၉၉၆၉၊ အော်တိုတယ်လီဖုန်းနံပါတ် - ၀၆၇ - ၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဆိုင်ကယ်နှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂ ရက်တွင် ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့နယ် အကျဲကျေးရွာ ရှောင်ကွင်းလမ်းအနီး၌ ရပ်တန့်ထားသော ယာဉ် ၁၀ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ် ၁၈၃ စီး၊ ဆိုင်ကယ်အပိုပစ္စည်း ခုနစ်မျိုးနှင့် စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ် ၁၀ စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၅၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈၃၀၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၃၂၅၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၅၂၉၂၉၄) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ဝန်စည်များအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၄၀၀၀၀၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၃၉၆၁၇၉၄)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာ ဦးရဲကြီးထမင်းဆိုင်အနီး၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၅ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၆၀၅၁၅၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan UD Truck တစ်စီးနှင့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၅၀၀၀၀၀၀)၊ (စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၆၆၀၅၁၅၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စက်တင်ဘာ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒဂုံဆိပ်ကမ်းမြို့နယ်၌ လိုင်စင်မဲ့ Toyota Mark X ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စက်တင်ဘာ ၄ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့ အမှတ်(၁၃) ရပ်ကွက်၌ လိုင်စင်မဲ့ Mazda ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၀၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်တွင် ညောင်ခါးရှည် X-Ray စက်စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုးနှင့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Golden Dragon Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ စက်တင်ဘာ ၅ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၁၈၃ တန်၊ အခြားသစ် ၁ ဒသမ ၉၄၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၈၈၉၆)ကို သစ်တောဥပဒေအရလည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၀၀၈၈၉၆) ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ စက်တင်ဘာ ၂ ရက်၊ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၄၅ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၃၂၂၅၈၄၀)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၉-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ မဟာဆန်တဲ့ယဉ်ကျေးမှုအမွေ...ကချင်ရိုးရာငွေပန်းတိမ်
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ဂတိစကားကွက်'** (အပိုင်း-၇)
- ၁၃:၃၀ MRTV National News
- ၁၄:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဟန်ဆောင်ကမ္ဘာထဲကငွေရည်စိမ်မှတ်တမ်း'** (အပိုင်း-၁၅)
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၄၅ မျိုးဝှက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၁၀ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများမှသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဆီသို့
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ဂတိစကားကွက်'** (အပိုင်း-၉)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'ချစ်ရောင်ခြည်' တေးဂီတဖျော်ဖြေပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ **'အုံ့ဘွယ်ချစ်ပုံပြင်'** (အပိုင်း-၁၈)

### mitv

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:08 Making a Living as Horticulturist
- 07:22 The Man and The Elephant (Part-I)
- 07:39 Clay Art On Canvas: Ricky Zachariah
- 08:01 News
- 08:26 Asia Updates: Solving Educational Inequality (NHK)
- 08:30 A Trip to Gyobyu Reservoir (Part-1)
- 09:01 Listening Pleasure, Instrumental Music (Horn Violin) Myaing Gyi Hay Mar
- 09:14 Bravocado Benefits
- 09:36 Myanmar Big Circular Tray
- 09:53 People's Military Service Law 8
- 10:01 News

### MRTV NRC

- **ဝ (၀၆:၀၀ မှ ၀၈:၀၀)** စာအတူတူပတ်ကြရအောင်
- **ကချင် (၀၈:၀၀ မှ ၁၀:၀၀)** ကချင်ချောင်းသာသို့အလည်တစ်ခေါက်
- **ကယား (၁၀:၀၀ မှ ၁၂:၀၀)** ကယားမြေမှလန်းဆန်းသောပန်းကလေးများ
- **ဝကောကရင် (၁၂:၀၀ မှ ၁၃:၀၀)** မိရိုးဖလာသဘာဝမျှစ်ခြောက်ပြုလုပ်နည်း
- **အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)** မြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း
- **အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)** ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
- **ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)** မြင်းဘွားရွက်ရဲ့အစွမ်း
- **ချင်း (ချို) (၁၆:၀၀ မှ ၁၇:၀၀)** ရှေးခေတ်ချင်း(ချို)တို့၏မေတ္တာမျှတေး
- **မွန် (၁၇:၀၀ မှ ၁၉:၀၀)** သစ်တိုသီးဝက်သားချက်နဲ့မျှစ်ဟင်းချည်
- **ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)** အနာဂတ်ရဲ့အိပ်မက်ခရီးရှည်
- **ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)** မောတို့ဌာနေမြို့ညောင်ရွှေနှင့် အင်းလေးအလှ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာ၍မြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ SPORTS MAX
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'**
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဗီယက်နမ်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၃၄)
- ၁၈:၀၀ Economic Review

### MRTV FARMERS' / HTV

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ တောင်သူများဝင်ငွေတိုးတက်စေဖို့ Big M စိုက်ပျိုးရေးခြံနှင့်လက်တွဲစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ News Flash
- ၁၈:၁၅ Gardeners' World 2023 Eps 4
- ၁၉:၀၀ Street Food in Cote d'lvoire Insane VERTICAL BBQ in Abidjan (West Africa)
- ၂၂:၀၀ Thirteen Lives(နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Football Highlight
- ၀၇:၄၀ Soccer View
- ၁၁:၀၀ အားကစားသတင်း
- ၁၅:၀၀ ဟံသာဝတီဖလားအသက်(၂၁)နှစ်အောက် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲတိုက်ရိုက်ထုတ်လွှင့်မှု (ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့်ပဲခူးတိုင်းဒေသကြီးအသင်း)

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကချင်ပြည်နယ်အတွင်း ကံပိုင်တည်နယ်စပ်မှတစ်ဆင့် စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချနိုင်ရေး ဆီဆိုင်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား စက်တင်ဘာ ၅

ကချင်ပြည်နယ်အတွင်း စက်သုံးဆီ ပြတ်လပ်မှု မဖြစ်ပေါ်စေရေး၊ ဈေးနှုန်းတည်ငြိမ်ရေးအတွက် ကံပိုင်တည်နယ်စပ်မှတစ်ဆင့် စက်သုံးဆီတင်သွင်း သိုလှောင် ဖြန့်ဖြူးရောင်းချရာတွင် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်စက်သုံးဆီ တင်သွင်းဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအဖွဲ့ဝင်များနှင့် Importer ကုမ္ပဏီများ၊ ဆီဆိုင်လုပ်ငန်းရှင်များနှင့် စက်တင်ဘာ ၄ ရက် ညနေ ၄ နာရီခွဲက လုပ်ငန်းညှိနှိုင်းဆွေးနွေးကြသည်။



အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်စက်သုံးဆီတင်သွင်းဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က မိမိတို့အနေဖြင့် ပြည်နယ်အတွင်း စက်သုံးဆီပြတ်လပ်မှုမဖြစ်ပေါ်စေရေး၊ ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်နယ်ကော်မတီအနေဖြင့် စဉ်ဆက်မပြတ် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းဖြင့်သာ သတ်မှတ်ဆောင်ရွက်ပေးထားခြင်းဖြစ်သည့်အတွက် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးကြရန် အသိပေးလိုပါကြောင်း၊ ထို့အပြင် ပြည်နယ်ကြီးကြပ်ရေးစစ်ဆေးရေးအရာရှိရုံး၌ စက်သုံးဆီကိုင်တွယ်ထိန်းသိမ်းနည်းသင်တန်းနှင့် ဆီတင်ယာဉ်များထိန်းသိမ်းမောင်းနှင်ခြင်း သင်တန်းကိုလည်း ဖွင့်လှစ်ပေးရန်စီစဉ်လျက်ရှိသည့်အတွက် မဖြစ်မနေတက်ရောက်ကြရေး တိုက်တွန်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင်များနှင့် ကုမ္ပဏီတာဝန်ရှိသူများက ရေနံနှင့် ရေနံထွက်ပစ္စည်းတစ်မျိုးမျိုးနှင့် စပ်လျဉ်း၍ သယ်ဆောင်သည့် မော်တော်ယာဉ်၊ ရေယာဉ်နှင့် တွဲများအတွက် သယ်ယူလျှောက်ထားခြင်း၊ ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ လည်းကောင်း၊ PO တိုးမြှင့်ခြင်း၊ လုပ်ငန်းကိစ္စရပ်များနှင့်စက်တင်ဘာအတွက် ကုမ္ပဏီများက စက်သုံးဆီတင်သွင်းရန် တင်ပြ တောင်းခံထားသော ခွဲတမ်းရရှိမှုအခြေအနေများ၊ ကုမ္ပဏီများမှ တင်ပြလာသည့် စက်သုံးဆီဝယ်ယူသည့် စာချုပ်ဈေးနှုန်းများအပေါ် အခြေခံသည့် ရည်ညွှန်းဈေးတွက်ချက်သတ်မှတ်ပေးခြင်းတို့ကို အပြန်အလှန်ဆွေးနွေးဆောင်ရွက်ခဲ့ကြပြီး ပြည်နယ်ဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “Win Ko” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် မြို့သာကုန်းကျေးရွာနေ ဝင်းကိုအား မွန်းလွဲ ၃ နာရီတွင်လည်းကောင်း၊ ‘NyiNyi” TikTok အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပါရမီရပ်ကွက်နေ ညီညီထွန်း(ခ)ပလာတူအား ညနေ ၅ နာရီ မိနစ် ၄၀ တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုက်ထိုမြို့နယ် မူလွန်(၃) ရှမ်းစုကျောင်း၌ လူငယ်ရေးရာအသိပညာပေး ဟောပြော

ကျိုက်ထို စက်တင်ဘာ ၅

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ တောင်သူစုရပ်ကွက်ရှိ မူလွန်(၃) ရှမ်းစုကျောင်း၌လူငယ်ရေးရာ အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ် ခင်မိုးသန္တာက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား ကျောင်းသူများအားရည်မှန်းချက်ထားပါ ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၇၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၉၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၂၅၀ |
| 95 Ron | ၃၃၅၅ | ၃၄၃၅ | ၃၄၁၀ | ၃၃၆၅ | ၃၄၃၅ | ၃၄၅၀ | ၃၄၆၀ | ၃၄၁၅ | ၃၅၄၀ | ၃၅၇၀ | ၃၄၂၅ | ၃၄၄၀ | ၃၄၇၀ | ၃၄၆၀ | ၃၄၇၅ | ၃၈၇၅ | ၅၄၅၀ |
| HSD (500 ppm) | ၂၇၃၀ | ၂၇၉၅ | ၂၇၇၀ | ၂၇၂၀ | ၂၇၉၅ | ၂၈၀၅ | ၂၈၂၀ | ၂၇၇၅ | ၂၉၀၀ | ၂၉၃၀ | ၂၇၈၀ | ၂၈၀၀ | ၂၈၃၀ | ၂၈၂၀ | ၂၈၃၀ | ၃၂၃၅ | ၅၂၅၀ |
| HSD (50 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |
| HSD (10 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၄၄ |
| 95 Ron | ၃၁၈၇ | ၃၂၈၄ |
| HSD (500 ppm) | ၂၅၆၄ | ၂၆၄၅ |
| HSD (50 ppm) | ၃၂၂၄ | ၃၃၁၈ |
| HSD (10 ppm) | ၃၂၂၄ | ၃၃၁၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**



ရန်ကုန်တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး(ညွှန်ကြားရေးမှူး)ဒေါ်ဥမ္မာမြင့် စက်တင်ဘာ ၅ ရက်က သန်လျင်မြို့နယ်သမဝါယမအသင်းစုလီမိတက်အစည်းအဝေးခန်းမတွင် တာဝန်ရှိသူများအား ဝန်ကြီးဌာနနှင့်ဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရသည့်လုပ်ငန်းများ၊ မူဝါဒများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့်အသင်းစု၏ရှေ့လုပ်ငန်းများကို ဆွေးနွေးမှာကြားစဉ်။ တင်ဝင်းတင်

## နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။ **မိုး/ဇလ**

# ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် သရဖီဆောင်ရှိ အနုပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ ဒုတိယဥက္ကဋ္ဌ တိုင်းရင်းသားရေးရာဝန်ကြီး၊ တွဲဖက်အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ



တက္ကသိုလ်ပါမောက္ခချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် အကအကဲဖြတ် ပညာရှင် ဝဏ္ဏကျော်ထင် ဒေါ်နုနုစိန်တို့က ရန်ကုန်တိုင်းဒေသကြီး (၂၅) ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး(၂၅) ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ဂုဏ်ပြုသည့် "ငွေရတုတိုင် ရွှေဆုပိုင်သည့် တိုင်းရန်ကုန်" တေးသီချင်းဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှကျောင်းသား ကျောင်းသူများက သီဆိုကပြဖျော်ဖြေကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများက အဆို၊ အက ၊ အရေး၊ အတီးပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအလိုက် ဒိုင်အဖွဲ့ဝင်များဖြစ်သည့် အကဲဖြတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်များနှင့် ပြိုင်ပွဲဝင်များ၏မိဘဆွေမျိုးများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်းနှင့် (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူ ၁၃၅ ဦး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အပိုင်း(၄) မိသားစု ငွေစုငွေချေးသမဝါယမအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ဒဂုံ စက်တင်ဘာ ၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အပိုင်း(၄) မိသားစု ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အပိုင်း(၄) မိသားစုဓမ္မာရုံ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးစောအေးက ဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမလုပ်ငန်းစဉ်များ၊ သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းသား ၁၈၀ အား တစ်ဦးလျှင် မြေပဲဆီ ၅၀ ကျပ်သားနှင့် စားသောက်ကုန်များကို အသင်းသားလက်ဆောင်အဖြစ် ပေးအပ်ပြီး အစုပေါ်အမြတ်နှင့် စုဆောင်းပေါ်အတိုးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**နေမျိုးအောင်**

## မြိတ်ခရိုင်လူထုအခြေပြုဗဟိုဌာန၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

မြိတ် စက်တင်ဘာ ၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမအတွင်း ယမန်နေ့မွန်းလွဲပိုင်းက မြိတ်မြို့နယ်အတွင်း၌ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်တာကာလအတွင်း စာရင်းကောက်ယူကြမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ကျင်းပသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲကို မြိတ်ခရိုင် ပြန်ကြားရေးနှင့်




ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြိတ်မြို့နယ် ဦးစီးဌာနမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်လင်းထွန်းက လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းအကြောင်းအရာများနှင့်ပတ်သက်၍ လုပ်ငန်းစဉ်ကြီး(၄)ရပ်နှင့်အတူ သန်းခေါင်စာရင်း ကောက်ယူရခြင်း၏ ရည်ရွယ်ချက်၊ သန်းခေါင်စာရင်း ကောက်ယူမည့် အချိန်ကာလ အပိုင်းအခြား၊ သန်းခေါင်စာရင်း ကောက်ယူမည့် ရည်ညွှန်းချိန် အတွင်း စာရင်းကောက်ယူမည့်သူများနှင့် စာရင်းမကောက်ယူရမည့်သူများစာရင်း၊ သန်းခေါင်စာရင်း၏အသုံးဝင်ပုံများ၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်နှင့်သန်းခေါင်စာရင်း ကောက်ယူခြင်း၏ အကျိုးကျေးဇူးများ စသည့်တို့ကို ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

## မိတ္ထီလာမြို့နယ်၌ စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပ

**မိတ္ထီလာ စက်တင်ဘာ ၅**

မန္တလေး တိုင်းဒေသကြီး



မိတ္ထီလာမြို့နယ်၌ နှစ် (၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၅ ရက် နံနက် ၉ နာရီက ပေါက်ချောင်းရပ်ကွက်ရှိ ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

သွေးလှူဒါန်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ၎င်း၏ ကွပ်ကဲမှုအောက်ရှိ ရဲစခန်းများမှ ရဲတပ်ဖွဲ့ဝင်များက ခုတင် (၂၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် သွေးလှူဒါန်းကြရာ ၎င်းစုပေါင်းသွေးလှူဒါန်းပွဲသို့ ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမင်းသီရိ၊ အထူးကုဆရာဝန် (ရောဂါဗေဒ)ဒေါက်တာပြုံးဇာခြည်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြသန်း၊ မြို့မစခန်းမှူး ဒုရဲမှူး ဇော်ဝင်းလှိုင်တို့က ကြည့်ရှုအားပေးပြီး ရဲမှူးအောင်မြသန်းက သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များအား တစ်ဦးလျှင် ကြက်ဥ ၁၀ လုံးနှင့် Royal D တစ်ဘူးစီတို့အား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြဝတီခရိုင်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ

မြဝတီ စက်တင်ဘာ ၅

ကရင်ပြည်နယ် မြဝတီခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနနှင့် မြို့နယ်ပညာရေးဌာနတို့ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ မြဝတီခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ထွန်းက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ်ပညာရေးမှူး (ပညာ) ဦးဇေယျာအောင်၏ ကြီးကြပ်မှုဖြင့် အမှတ်ပေးဒိုင်အဖွဲ့ ဆရာ၊ ဆရာမများက ပြိုင်ပွဲစည်းကမ်းများ ဖတ်ကြားပေးသည်။

ပြိုင်ပွဲကိုစတင်ခဲ့ရာ "မွန်ထရီရယ်နောက်ဆက်တွဲစာချုပ်ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး တိုးမြှင့်ဆောင်ရွက်စို့" ခေါင်းစဉ်ဖြင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ငါးဦး၊ အလယ်တန်းအဆင့်တွင် ကျောင်းသား ကျောင်းသူ ခြောက်ဦးနှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲတွင် ဆုရရှိသူများအား ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့တွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ကျင်းပခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အိုဇုန်းလွှာထိခိုက်ပျက်စီးဆုံးရှုံးမှု ကာကွယ်ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြစေလိုသော ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။



**ဇာဖြူဝင်း(မြဝတီ)**

# ရှမ်းပြည်နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲ ကျင်းပ

**တောင်ကြီး စက်တင်ဘာ ၅**

ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေး ပွဲတော်မှခ်ဦးကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရှမ်းပြည်နယ်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီ နာယက ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော်အတွက် ထောက်ပံ့ငွေများ ပေးအပ်ရာ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေက လက်ခံရယူပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရိုန်မြှင့်တင်ရေးပွဲတော်အတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ပြည်နယ်လူမှုရေးရာဝန်ကြီးက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းစာကြည့်တိုက်အတွက် ရှမ်းပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်မေမေနီက သုတ၊ ရသစာအုပ်စာစောင်



၁၆၀၊ ငွေခြည်လင်း စာပေမှ ဆရာမ ငွေခြည်လင်းလက်က သုတ၊ ရသစာအုပ် ၅၀၊ အလှူရှင် ဦးစိုးကြည်က သုတ၊ ရသစာအုပ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဇော်မြင့်က လက်ခံယူသည်။

ဆက်လက်၍ စာရေးဆရာမ ဒေါ်သန်းသန်းမြင့် "သျှီ(အင်ကြင်း)" က "စာပန်းရဂုံ" ခေါင်းစဉ်ဖြင့် စာပေဟောပြောရာ ဟောပြောပေးသည့် စာရေးဆရာမ ဒေါ်သန်းသန်းမြင့် သျှီ(အင်ကြင်း) အား ရှမ်းပြည်နယ်အမျိုးသမီးကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ဂုဏ်ပြုအမှတ်တရလက်ဆောင် ပေးအပ်သည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက စေတနာရှင် အလှူရှင်များက ပါဝင်လှူဒါန်းပေးသည့် အာဟာရဖြည့် မုန့်များ၊ အချိုရည်များကို ကျောင်းသား ကျောင်းသူများအား ဝေငှပေးကာ စာအုပ်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဖတ်မှတ်စွမ်းရည်ပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ရုပ်ပုံဆက်၊ စကားပုံဆက်၊ မြားပစ်၊ စက်ဝိုင်းလှည့်၊ ခါးလှည့်ပြိုင်ပွဲ၊ ခုံဖိနပ်စီးပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲ၊ ဂုန်နီအိတ်စွပ်ပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ စသည့်အားကစားပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကာ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးကြပြီး ကမ္ဘောဇ ကျောင်းစာကြည့်တိုက်၊ မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးပြခန်း၊ ကျန်းမာရေး အသိပညာပေးပြခန်း၊ ကိုယ်ပိုင် အထက်တန်းကျောင်းများနှင့် အခြေခံပညာကျောင်းများမှ သိပ္ပံပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**



# ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ ပါဝင်ယှဉ်ပြိုင်နိုင်ရေး စစ်တုရင် ပဏာမလက်ရည်စမ်းပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၅**

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်၌ မွန်ပြည်နယ်မှ အမျိုးသား၊ အမျိုးသမီး စစ်တုရင်အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပဏာမလက်ရည်စမ်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။

**ကြိုးစားယှဉ်ပြိုင်**

အခမ်းအနားတွင် မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (ပထမပတ်)တွင် နေပြည်တော်၌ကျင်းပမည့် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် စစ်တုရင်အားကစားနည်း ပါဝင်ယှဉ်ပြိုင်နိုင်ရေး အဆင့်အတန်းမီသော အားကစားသမားရရှိရေးတို့အတွက် ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ထမ်းများအနေဖြင့် ဉာဏ်စွမ်းရှိသမျှ ကြိုးစားယှဉ်ပြိုင်သွားကြရန်နှင့် ကျွမ်းကျင်ပညာရှင်များကလည်း ပြိုင်ပွဲဝင်အားကစားများမှသည် အောင်ပွဲရအားကစားသမားများဖြစ်စေရေး လေ့ကျင့်ပျိုးထောင်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးတိုးဝင်းက စစ်တုရင်ရုပ်အားအကွက်ရွှေ့၍ ပြိုင်ပွဲကိုဖွင့်လှစ်ပေးပြီး ပြိုင်ပွဲဝင်များ၏ ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပသည့် မွန်ပြည်နယ်မှ အမျိုးသား၊ အမျိုးသမီး စစ်တုရင်အားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပဏာမလက်ရည်စမ်းပြိုင်ပွဲကို ပြိုင်ပွဲဝင် ၁၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးအထူးစီမံချက် ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေး အထူးစီမံချက်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြည်တွင်းတွင် နို့နှင့် နို့ထွက်ပစ္စည်းများ ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရန် ရည်ရွယ်ပြီး နို့စားနွားမျိုးများ ပိုမိုမွေးမြူနိုင်ရန်အတွက် အထူးစီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အနေဖြင့် နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်သော ဒေသဖြစ်ပြီး စီမံချက်တွင် ဦးစားပေးတိုင်းဒေသကြီးအဖြစ် သတ်မှတ်ထားသဖြင့် သုံးနှစ်တာကာလအတွင်း နို့ထွက်နှုန်းကောင်းသည့် နို့စားနွားကောင်ရေ တိုးပွားလာစေရန်နှင့် သတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင် ရောက်ရှိရေးအတွက် မေထုန်မဲ့သားစပ်နည်းဖြင့် မျိုးမြှင့်တင်ရေးကို စနစ်တကျ ကြိုးပမ်းလုပ်ဆောင်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာ အောင်မြင့်ဟန်၊ ခရိုင်ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ ဝန်ထမ်းများနှင့် တိရစ္ဆာန်ကျန်းမာရေး လုပ်သားများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ လူငယ်အသိပညာပေးအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စုပေါင်းရုံးဝင်းအတွင်း မြို့နယ်ခန်းမ၌ လူငယ်အသိပညာပေးအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစံသိန်းက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။

ဆက်လက်၍ လူငယ်အသိပညာပေးဟောပြောပွဲကျင်းပရာ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးအရာရှိက "လူငယ်နှင့်ကျန်းမာရေး"အကြောင်း၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့စု (၆၈)တပ်ဖွဲ့စုမှူးက "ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ" အကြောင်း၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်သော်တာဝင်းက "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" အကြောင်း၊ ရဲအုပ်ကျော်ဇေယျာထွန်းက "လူကုန်ကူးမှုတိုက်ဖျက်ရေး" အကြောင်းတို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# လူရှေ့တိုင်းရင်းသားပုံပြင်များ

●——— မင်းသက်တင် ———●

**ပညာရွှေအိုး**

ဟိုးရှေးရှေးကာလအချိန်ကပေါ့ကွယ်။

အလွန်ကြီးကျယ်ခမ်းနားပြီး သာယာအေးချမ်းတဲ့ မင်းနေပြည်တော်ကြီး မြန်မာနိုင်ငံမြောက်ဘက်ပိုင်း တောင်ကုန်းကြီးတစ်ခုပေါ်မှာ ရှိခဲ့ဖူးတယ်။ အဲဒီတိုင်းပြည်ရဲ့ ဘုရင်မင်းမြတ်ထံမှာ အလွန်ချောမောလှပတဲ့ သမီးတော်တစ်ပါးလည်း ရှိတယ်။ သမီးတော်ဟာ ယဉ်ကျေးပျူငှာသူ၊ စကားပြောဆိုရာမှာလည်း ပြောတတ်လွန်းသူဖြစ်ပြီး စကားကြွယ်လွန်းလို့ "စကားကြွယ်တဲ့ ရွှေမင်းသမီးရယ်"လို့ သတင်းကြီးလှတယ်။

တစ်နေ့မှာတော့ ဘုရင်ကြီးက ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်တယ်။

"ငါ၏သမီးတော်အား စကားအရာတွင် အနိုင်ရအောင်ပြောနိုင်သူကို သမီးတော်နှင့် လက်ထပ်ထိမ်းမြားကာ တိုင်းပြည်ကို တစ်ဝက်ခွဲလက်ဖွဲ့ပေးမည်။ ရှုံးနိမ့်သူအား နားတစ်ဖက်ကို သံပူဖြင့်ဖောက် ရာဇဒဏ်ခတ်တော်မူမည်"

ဘုရင်ကြီးကြေညာလိုက်တဲ့ အမိန့်တော်မှာ အတိုင်းတိုင်းအပြည်ပြည်ကို ပျံ့နှံ့ရိုက်ခတ်သွားတာပေါ့။ အဲဒီသတင်းကြောင့် အတိုင်းတိုင်းအပြည်ပြည်က မင်းညီမင်းသားတွေ၊ မှူးကြီးမတ်ရာတွေရဲ့ သားတော်တွေ၊ သူဌေးသူကြွယ်တွေရဲ့ သားတော်တွေဟာ ရွှေမင်းသမီးဆီကို ရောက်လာကြတယ်။

"စကားပြောရရင် တော်ပါပြီ၊ အနိုင်မလိုချင်ပါဘူး။ ရာဇဒဏ်ခတ်ခံရလည်း ခံရပါစေတော့၊ ရွှေမင်းသမီးနဲ့စကားပြောရရုံနဲ့တင် ကျေနပ်ပါပြီ" ဆိုတဲ့စကားက လုလင်ပျိုတို့ကြားမှာ တွင်နေတော့တာပေါ့။ လှပကျော့ရှင်းတဲ့ ရွှေမင်းသမီးရဲ့ရုပ်ရည်ရူပကာကို မြင်လိုက်ရတဲ့ လုလင်ပျိုတိုင်းက မင်းသမီးနဲ့ စကားမပြောဘဲ မနေနိုင်ဖြစ်ကြရတယ်။ စကားပြောရာမှာလည်း ရှုံးနိမ့်ကြရလို့ နားတစ်ဖက်ကို သံပူနဲ့အဖောက်ခံရသူတွေချည်းပဲ ဖြစ်နေတော့သတဲ့။

ဒက္ခိဏဒီပတိုင်းပြည် ဘုရင်မင်းမြတ်ရဲ့ သားတော်မင်းသားခုနစ်ပါးကလည်း ဒီသတင်းကို ကြားလို့ စိတ်ဝင်စားသွားတယ်။ ဒီလိုနဲ့ ရွှေမင်းသမီးထံသို့ ညီနောင်ခုနစ်ပါး ခရီးနှင်လာကြလေရဲ့။

"ညီထွေးရာ မင်းမှာလည်း လမ်းမှာတွေ့သမျှတွေ ကောက်နေတော့တာပဲ။ မြင်မြင်သမျှကိုသာ ကောက်ယူနေရင် သယ်နိုင်တော့မှာ မဟုတ်တော့ဘူး"

> **"မောင်တော့်စကားတွေထက် ပိုကောက်တာရှိပါသေးတယ် ရွှေမင်းသမီးရေ၊ ဒီမှာကြည့်ပါလေ.." ညီထွေးက လမ်းခရီးမှ ကောက်ယူလာတဲ့ ကောက်ကွေးလိမ်နေတဲ့ဆိတ်ဦးချိုကို ထုတ်ပြလိုက်တဲ့အခါ စကားကြွယ်လှပါတယ်လို့ သတင်းကြီးတဲ့ရွှေမင်းသမီးခမျာ စကားမဆက်နိုင်ဘဲ ပညာရွှေအိုးပိုင်ရှင်ညီထွေးကို အရှုံးပေးလိုက်ရ**

နောင်တော်တို့က မြည်တွန်တောက်တီးကြပေမယ့် ညီထွေးကတော့ လမ်းမှာတွေ့သမျှထဲက သင့်မယ်လို့ယူဆရတာတွေကို လွယ်အိတ်လေးထဲကို ထည့်ထည့်လာတာပေါ့။

ခရီးဝေးကနေ ပင်ပန်းကြီးစွာ လာရောက်ရသူများအဖြစ် ညီနောင်တွေကို ရွှေမင်းသမီးက သိတဲ့အခါ ရှေ့တော်မှောက်ကို အမြန်ဆုံးဝင်ခွင့်ရကြတယ်။ နောင်တော်တွေကတော့ ရွှေမင်းသမီးနဲ့ စကားပြောရာမှာ ရှုံးနိမ့်ကြလို့ ဘယ်ဘက်နားရွက်ကို သံပူနဲ့ထိုးဖောက်တာ ခံလိုက်ကြရတယ်။

ညီနောင်တွေထဲက အငယ်ဆုံးညီထွေးအလှည့် ရောက်လာတယ်။

"သည်အခန်းထဲက အပူထက် မီးကပိုပူပါတယ်ရှင်"

ရွှေမင်းသမီးက နောင်တော်တွေနဲ့ ပြောခဲ့တဲ့ စကားကိုပဲ .. အစချီကာပြောလာတယ်။ ညီထွေးကတော့ ဘာမျှမပြောသေးဘဲ လွယ်အိတ်ထဲက ကြက်သေကောင်ကို ဆွဲထုတ်လိုက်ပြီးမှ ဖြည်းဖြည်းချင်းဆက်ပြောတယ်။

"သည်လိုဆိုရင် အဲဒီမီးနဲ့ မောင်တော်ရဲ့ကြက်သေကို ကင်ချင်လိုက်တာ"

"အို ကြက်သေကိုမီးကင်ရင် ကြက်ဆီတွေကြမ်းပေါ်ကျပြီး ခင်းထားတဲ့ အဖိုးတန်ကော်ဇောတွေ ပျက်စီးကုန်ရောပေါ့"

"ကြောင့်ကြတော်မမူပါနဲ့ ရွှေမင်းသမီးရယ်၊ ကြက်ဆီတွေ ယိုကျလာရင် ဟောဒီဇွန်းနဲ့ ခံပေးမယ်လေ"

"ကြက်ဆီက သိပ်ပူတာကြောင့် ဇွန်းကျိုးသွားမှာ သေချာတယ်။ ဘယ့်နှယ်လုပ်မှာလဲရှင်"

ညီထွေးက ကြိုးမျှင်လေးကို ထုတ်ပြကာ ဆက်ပြောလိုက်တယ်။

"ပူတတ်ရန်ကော ရွှေမင်းသမီးရယ်၊ ဇွန်းကျိုးတယ်ဆိုရင် ဒီကြိုးမျှင်လေးနဲ့ချည်ပြီး ဆက်ထားလိုက်မှာပေါ့"

"အရှင့်သားပြောတဲ့စကားတွေက တိုတောင်းလွန်းပါတယ်၊ စကားစစ်ထိုးလို့ မဖြစ်နိုင်ဘူးထင်တယ်" ရွှေမင်းသမီးက စိတ်ဆိုးတဲ့လေသံနဲ့ ပြောလေရာ ညီထွေးက အပြုံးမပျက်ဘဲ လွယ်အိတ်ထဲက ကြိုးကြီးတစ်ချောင်းကို ဆွဲထုတ်လိုက်ကာ ညင်သာတဲ့လေသံနဲ့ဆက်ပြောတယ်။

"မောင်တော်ရဲ့စကားတွေ တိုတောင်းလွန်းတယ်ဆိုရင်.. ဒီကြိုးနဲ့ဆက်တာပေါ့ကွယ်"

"ရှင်ဟာ အတော်လေးကောက်ကျစ်တဲ့သူပဲ"

ရွှေမင်းသမီးမှာ အတော်ပင်စိတ်ဆိုးလာကာ သလွန်ပေါ်ထိုင်ရာက ထရပ်လိုက်တယ်။ ညီထွေးကတော့ အပြုံးပန်းတွေနဲ့ ဆက်ပြောရှာတယ်။

"မောင်တော့်စကားတွေထက် ပိုကောက်တာရှိပါသေးတယ်ရွှေမင်းသမီးရေ၊ ဒီမှာကြည့်ပါလေ.." ညီထွေးက လမ်းခရီးမှကောက်ယူလာတဲ့ ကောက်ကွေးလိမ်နေတဲ့ ဆိတ်ဦးချိုကို ထုတ်ပြလိုက်တဲ့အခါ စကားကြွယ်လှပါတယ်လို့ သတင်းကြီးတဲ့ ရွှေမင်းသမီးခမျာ စကားမဆက်နိုင်ဘဲ ပညာရွှေအိုးပိုင်ရှင်ညီထွေးကို အရှုံးပေးလိုက်ရတော့တယ်။

စကားစစ်ထိုးနေမှုကို ရှုစားနေကြတဲ့ ဘုရင်ကြီးနဲ့ မှူးမတ်အပေါင်းတို့ကလည်း အံ့အားသင့်သွားကြတယ်။ ဘုရင်ကြီးကတော့ ကြေညာထားတဲ့အမိန့်အတိုင်း ညီထွေးကို ရွှေမင်းသမီးနဲ့ ထိမ်းမြားလက်ထပ်ပေးပြီး အိမ်ရှေ့မင်းသားအရာကိုအပ်နှင်းကာ တိုင်းပြည်ကို တစ်ဝက်ခွဲဝေအုပ်ချုပ်စေတော့သတဲ့ကွယ်။ ။

---

# တိုင်းရင်းသားရိုးရာ စကားထာဥာဏ်စမ်းများ

**တက္ကသိုလ်သျှင်ရတနာ**

**မွန်–ကရင်တိုင်းရင်းသားစကားထာ**

ရှေးရှေးတုန်းအချိန်က ရာမညတိုင်းရှိ ကျေးလက်ရွာလေးတစ်ရွာတွင် ဗညားနှင့်လဂွန်းအိမ်ဟု ခေါ်တွင်သည့် မွန်တိုင်းရင်းသားလူငယ်သူငယ်ချင်းနှစ်ဦးရှိသည်။ သူတို့သည် ဆယ်ကျော်သက်အရွယ်များဖြစ်ပြီး ရွာဦးဘုန်းတော်ကြီးကျောင်းဆရာတော်ကြီးထံတွင် ကျောင်းအိပ်ကျောင်းစားဖြင့် လောကီ၊ လောကုတ္တရာပညာရပ်များကို သင်ယူကြသော ကျောင်းသားများဖြစ်သည်။

ဆရာတော်ကြီးသည်လည်း မွန်တိုင်းရင်းသားဖြစ်ပြီး စာပေကျမ်းဂန်အရာမှာ ကျွမ်းကျင်နှံ့စပ်ကာ သင်ကြားပို့ချမှုတို့တွင်လည်း ကောင်းသတင်းဖြင့် ကျော်ကြားလှသည်။

လူငယ်များပီပီ ဗညားနှင့်လဂွန်းအိမ်တို့သည် အားလပ်သည့်အချိန်များတွင် ဘုန်းကြီးကျောင်းတောင်ဘက် မန်ကျည်းပင်ကြီးအောက်၌ ဆော့ကစားရာတွင် စာပေနှင့်ပတ်သက်သည့် ဥာဏ်စမ်းမေးခွန်းများဖြင့် အပြန်အလှန်အမေးအဖြေပုံစံဖြင့် ကစားလေ့ရှိသည်။

"လဂွန်းအိမ်ရေ ဥာဏ်စမ်းမေးခွန်းတွေမေးဖို့ အသင့်ပဲနော်"

"အဆင်သင့်ဖြစ်ရင် မေးလေကွာ"

ဗညား၏စကားကို လဂွန်းအိမ်က အလိုက်သင့် ပြန်ပြောလိုက်သည်။

"ကဲ– မေးတော့မယ်ကွာ ကြိုးစားဖြေပေါ့ သူငယ်ချင်း။ မဖြေနိုင်လည်း ပန်းပေးလို့ရပါတယ်၊ မွန် – ကရင်စကားထာဥာဏ်စမ်းထဲကပဲ ဖြေရမှာနော်"

"မေးမယ်ဆိုလည်း မေးပေါ့ဗညားရာ လေရှည်မနေပါနဲ့"

စိတ်မရှည်စွာဖြင့် လဂွန်းအိမ်က ပြန်ပြောလိုက်ရာ ဗညားတစ်ယောက် သဘောကျကာ ရယ်မောလိုက်သည်။ ပြီးမှ ဖြည်းဖြည်းချင်း စကားဆက်သည်။

"မေးခွန်းမမေးခင် အောက်လိုင်းပေးနေတာပါ။ ကဲ– ဒါဆိုရင် မေးပြီကွာ။ 'လူမကြဲဘဲ ပွင့်တဲ့အပွင့်က ဘာလဲ' သူငယ်ချင်း ဖြေပေတော့"

လဂွန်းအိမ်က ဗညား၏ ဥာဏ်စမ်းမေးခွန်းကို တီးတိုးရေရွတ်ကြည့်ရင်း စဉ်းစားကာ ခဏအကြာတွင် အပြုံးဖြင့် အဖြေကို အလွယ်တကူပင်ဖြေလိုက်သည်။

"အဖြေတွေတော့ အများကြီးစဉ်းစားမိတယ်။ သူငယ်ချင်း လိုချင်တဲ့အဖြေက မွန် – ကရင်တိုင်းရင်းသားစကားထာဥာဏ်စမ်းတွေထဲက ဆိုတော့ အဖြေမှန်က 'ကြယ်ပွင့်' ပေါ့ကွာ၊ မှန်တယ်ဟုတ်"

လဂွန်းအိမ်၏အဖြေကို မှန်ကန်ကြောင်း ဗညားက လက်မထောင်ပြပြီး ဆက်ပြောသည်။

"မှန်တယ် သူငယ်ချင်း။ ဒီတစ်ခါလည်း ငါပဲ ထပ်မေးလိုက်ချင်သေးတယ်"

"ရပါတယ် ဗညားရာ။ မေးချင်သပဆိုလည်းမေးပေါ့။ ငါကလည်း ဖြေနိုင်မယ်ထင်ပါတယ်" ဗညား၏ဆန္ဒကို လဂွန်းအိမ်က ဖြည့်ဆည်းပေးလိုက်ရာ ဗညားလည်း ပိုမိုရွှင်မြူးသွားတော့သည်။

"ကျေးဇူးနော်။ သူငယ်ချင်းမေးရမယ့်အလှည့်ကို သဘောထားကြီးကြီးနဲ့ ငါ့ကိုဦးစားပေးလိုက်တာ လေးစားပါတယ်။ ငါမေးမယ့် မေးခွန်းက 'လူတွေမတီးဘဲ မြည်တဲ့အသံက ဘာသံလဲ' ဆိုတာပဲကွာ"

"ရရမှာပေါ့ဗညားရာ၊ ဒီမေးခွန်းက ပိုတောင်လွယ်နေမယ်ထင်တယ်။ တစ်ခါတည်းဖြေလိုက်ရင် ကောင်းပါ့မလားလို့တောင် တွေးနေမိတာ။ 'လူတွေမတီးဘဲ မြည်တဲ့အသံက ဘာသံလဲ' ဆိုတဲ့ မေးခွန်းရဲ့အဖြေကတော့ အမျိုးမျိုးအထွေထွေတော့ ရှိတာပေါ့။ သူငယ်ချင်းလိုချင်တဲ့ အဖြေက မွန်–ကရင်တိုင်းရင်းသားစကားထာ ဥာဏ်စမ်းတွေထဲက ဆိုပြန်တော့လည်း အဲဒီအဖြေကိုပဲ ဖြေပေးရမှာပေါ့။ အဖြေကို 'မိုးကြိုးပစ်သံ'လို့ ဖြေလိုက်မယ် ဗညားရာ၊ ဒါဆိုရင် အဖြေလည်းမှန်၊ သူငယ်ချင်းလည်းကျေနပ်ပြီပေါ့နော်"

"ကျေနပ်ပေါ့ကွာ သိပ်ကိုကျေနပ်တယ်သူငယ်ချင်း။ အဖြေကလည်း တိကျမှန်ကန်ပေါ့။ သူငယ်ချင်းက စာဖတ်သန်တော့ ဗဟုသုတကြွယ်ဝလို့ သေချာမှန်ကန်အောင်ဖြေနိုင်တာပေါ့ကွာ"

"အချင်းချင်းမမြှောက်ပါနဲ့ကွာ။ ငါမေးရမယ့်အလှည့်ဆိုတော့ တစ်ခါတည်းမေးလိုက်ပြီ။ 'ပန်းတစ်ပွင့်တည်းနဲ့ တစ်ကမ္ဘာလုံးကို လင်းစေတာ ဘာလဲ' ဖြေပေးပါဦး ဗညားရေ"

လဂွန်းအိမ်၏မေးခွန်းကို ဗညားက တစ်ချက်စဉ်းစားပြီး အဖြေကို ချက်ချင်းမဖြေသေးဘဲ စကားဆက်ပြောလိုက်သည်။

"သူငယ်ချင်းမေးခွန်းက 'ပန်းတစ်ပွင့်တည်းနဲ့ တစ်ကမ္ဘာလုံးကို လင်းစေတာဘာလဲ'ဆိုတော့ နေမင်းတို့၊ ကြယ်စင်တို့များဖြစ်နေမလားလို့ တွေးမိသေးတယ်။ ဒါပေမဲ့ မွန်–ကရင် တိုင်းရင်းသားစကားထာ ဥာဏ်စမ်းတွေထဲကပဲဖြေမှ အဖြေကလည်း မှန်ကန်တိကျမှာဆိုတော့ကာ"

"အေးလေ။ မေးခွန်းမမေးခင်ကတည်းက သူငယ်ချင်းပဲ ဖြေရမယ့်စည်းမျဉ်း၊ စည်းကမ်းကို အောက်လိုင်းပေးထားတာလေ၊ လိုက်နာရမှာပေါ့"

လဂွန်းအိမ်က ဗညား၏စကားကို ပြန်ပြောရင်း သဘောတကျ ပြုံးလိုက်သည်။

"စည်းကမ်းအတိုင်းပဲ ဖြေမှာပါကွာ၊ အဖြေလည်း ရနေပါပြီ။ ဖြေမယ်နော် 'လမင်း'ဆိုတဲ့ အေးချမ်းတဲ့ပန်းတစ်ပွင့်ဆိုရင် အဖြေမှန်ရောပေါ့ကွာ"

လဂွန်းအိမ်က ဗညား၏အဖြေစကားကို မှန်ကန်ကြောင်း ပြန်ပြောနေစဉ်မှာပင် ဘုန်းကြီးကျောင်းဆီက သံချောင်းခေါက်သံလေးချက်ထွက်ပေါ်လာရာ ဗညားနှင့် လဂွန်းအိမ်တို့ နှစ်ဦးသား ဘုန်းကြီးကျောင်းပေါ်သို့ အပြေးအလွှားတက်သွားကြလေတော့သည်။ ။

# ထားဝယ်မြို့၌ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

**ထားဝယ် စက်တင်ဘာ ၅**

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏စီမံမှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ထားဝယ်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လူငယ်စာပေဆွေးနွေးပေးပါသော ကျောင်းသားကျောင်းသူလေးဦးအား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ပြီး စကားရည်လုပြိုင်ပွဲတွင်အနိုင်ရအဖွဲ့များအား ဆုချီးမြှင့်ကာ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေးက စာစီစာကုံး(အထက်တန်း) အဆင့်တွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ဆုချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းမင်းလတ်က အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသောကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက စာစီစာကုံး(အလယ်တန်း) အဆင့်တွင် ဆုရရှိသောကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီးသယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်က အလယ်တန်းအဆင့်ကဗျာရွတ်ဆိုပြိုင်ပွဲတွင်ဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးဦးအောင်ဇော်လှိုင်က အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## “ခေတ်အဆက်ဆက်မှ နှစ်သက်စရာ တရုတ်ကဗျာများ” စာအုပ်ထုတ်ဝေ

**နေပြည်တော် စက်တင်ဘာ ၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး (ယဉ်ကျေးမှုသံရုံး)နှင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်တို့ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် ခေတ်အဆက်ဆက် နှစ်သက်စရာ တရုတ်ကဗျာများစာအုပ်ကို တရုတ်၊ အင်္ဂလိပ်၊ မြန်မာသုံးဘာသာဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။




အဆိုပါ စာအုပ်တွင် တရုတ်နိုင်ငံ၏ သမိုင်းဆိုင်ရာခေတ်များတွင် ထင်ရှားခဲ့သော ဟန်ခေတ် (BC 202–AD 220) အပါအဝင် ဆုန့်ခေတ်၊ ယွမ်ခေတ်၊ မင်ခေတ်၊ ချင်ခေတ်မှ မျက်မှောက်ခေတ်ကာလများအတွင်း ထင်ရှားကျော်ကြားသော တရုတ်ကဗျာစာဆိုတို့၏ ကဗျာ ၈၄ ပုဒ်ပါဝင်သည်။ ထို့ပြင် တရုတ်ကဗျာစာဆိုတို့၏ အမိနိုင်ငံကို ချစ်မြတ်နိုးစိတ်၊ ထက်သန်သော မျိုးချစ်စိတ်ဖြင့် ရေးဖွဲ့ခဲ့သော ကဗျာများ၊ တရုတ်ပြည်၏ ရေမြေတောတောင်သဘာဝ အလှအပများ၊ နွေဦး၏ အလှ၊ ဆောင်းရာသီ၏သဘာဝ၊ မဟာတံတိုင်းကြီး၏ ခံ့ညားထည်ဝါမှု၊ မြစ်ဝါမြစ်၏ လှိုင်းခတ်သံ၊ မိုးမခပင်တို့၏ ယိမ်းနွဲ့ဟန်၊ ကင်းဘရစ်မြစ်၏ နှုတ်ဆက်တေးတို့အပြင် ခေတ်ကာလအလိုက် ဂန္ထဝင်မြောက် ဖွဲ့ဆိုသီကုံးထားသော ချစ်တေးကဗျာအလင်္ကာများကို အလှမပျက် အနက်မယွင်းရလေအောင် သမိုင်းနောက်ခံအချက်အလက်များကိုပါ ဆက်စပ်သုံးသပ်လျက် သံပေါက်၊ လေးလုံးစပ်၊ လင်္ကာ၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ သံချိုး၊ ရှစ်လုံးဖွဲ့ အစရှိသော မြန်မာဂန္ထဝင်စပ်နည်းစပ်ထုံးများနှင့်အညီ ဖွဲ့ဆိုထားသည်။

အမျိုးသားစာပေဆုများရှင် အမျိုးသားစာပေတစ်သက်တာဆုရ အလင်္ကာကျော်စွာမြင်းမှုမောင်နိုင်မိုးက ကိုယ်တိုင်ဘာသာပြန်ဆို သီကုံးဖွဲ့ဆိုထားခြင်းဖြစ်ပြီး နှစ်နိုင်ငံချစ်ကြည်ရေးကို ရေးရှုပြန်ဆိုဖွဲ့စပ်ထားခြင်းဖြစ်ကြောင်း အောက်ပါအတိုင်းဖော်ကျူးထားပါသည်။

**တရုတ် မြန်မာချစ်ကြည်စွာ**

ရွက်စွယ်တော် ပမာသရုပ်လိုပ
မြန်မာတရုတ် ချစ်ကြည်စွာ။
နှစ်လွှာမှာ တစ်ရွက်တည်း
မခွဲ မခွာ။
ကဗျာတေး သံချိုသာ
ပြန်ဆိုကာ ရေးသီဖွဲ့။
နှစ်နိုင်ငံ ချစ်ကြည်ရေး
ရေးရှုပါရဲ့။ ။

စာမျက်နှာ ၂၈၀ ခန့်၊ ဝှဖရီစက္ကူဖြူချောဖြင့် သပ်ရပ်စွာရိုက်နှိပ်ထားပြီး တစ်အုပ်ရောင်းဈေး ကျပ် ၂၀၀၀၀ ဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက် (ဖုန်း – ၀၉ ၈၈၃၄၈၃၇၁၈ ၊ ၀၉ ၉၇၃၆၅၃၆၂၅) သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




စက်တင်ဘာ ၇ ရက်(စနေနေ့)တွင်ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၆)၊ အမှတ် (၃၆) တွင် ဖွေးဥသည် စံပယ်ပင်လေးကို ပမာပြု၍ ကျောင်းစာများကို ယခင်ကထက် ပို၍ကြိုးစားသင်ယူ လေ့ကျင့်ရာက စာတော်သူ ဖြစ်လာပုံအကြောင်း သရုပ်ဖော်ထားသည့် “ကျေးဇူးတင်ပါတယ် စံပယ်ပင်လေးရယ်” မျက်နှာဖုံးကာတွန်း၊ နိုင်ဂျီးရီးယားနိုင်ငံရှိ ကြေးထည်များနှင့် ကြေးသွန်းလုပ်မှု အစဉ်အလာများအကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “ဘန်နင်းကြေးပန်းပု” သုတ ဆောင်းပါးကဏ္ဍ၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် “ရွှေသွေးတို့လက်ရာ” ကဏ္ဍ၊ သူတစ်ပါးအပေါ် မကောင်းကြံမိရာက မိမိကိုယ်တိုင်လည်း ဒုက္ခရောက်ရသော မြင်းတစ်ကောင်အကြောင်း သရုပ်ဖော်ထားသည့် “အမှားနောင်တ” နှစ်မျက်နှာကာတွန်း၊ ဗိုက်ခဏခဏဆာတတ်ပြီး အစားကို မဆင်မခြင်စားတတ်သော ရေမြင်းလေးမင်းသုအကြောင်း ဖတ်ရှုရမည့် “အစားပုပ်တဲ့ ရေမြင်းလေး” ပုံပြင်ကဏ္ဍ၊ ကပ်စေးနှဲသော ဦးအောနှင့် ယတြာချေရန် နည်းလမ်းကောင်းကို အကြံပေးလိုက်သော ရန်ပိုင်စိုးတို့အကြောင်း ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် “ရန်ပိုင်စိုး” တစ်မျက်နှာကာတွန်း၊ တိရစ္ဆာန်မျိုးစုံတို့တွင် အစွမ်းကိုယ်စီရှိကြပုံအကြောင်း ရေးဖွဲ့ထားသည့် ဆရာကိုကျော်စွာ (ကျိုက်ပိ)၏ “အစွမ်းကိုယ်စီ” ကဗျာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ရွှေသွေးစကားဝိုင်းကဏ္ဍ စုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။**သတင်းစဉ်**

## MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ဆက်လက် ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၅**

၂၀၂၄–၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၉) ကို စက်တင်ဘာ ၆ ရက်မှ ၉ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ပွဲစဉ် (၉) အဖြစ် စက်တင်ဘာ ၆ ရက်တွင် YUSC ကွင်း၌ ရတနာပုံအသင်းနှင့် အား/ကာသိပ္ပံအသင်း၊ စက်တင်ဘာ ၇ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း၊ စက်တင်ဘာ ၈ ရက်တွင် ပုသိမ်ကွင်း၌ ဧရာဝတီယူနိုက်တက်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ Dagon Port အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ စက်တင်ဘာ ၉ ရက်တွင် သုဝဏ္ဏကွင်း၌ သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပွဲစဉ် (၈) အပြီးတွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၂၂ မှတ်၊ ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၂၀၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၉ မှတ်၊ ဒဂုံစတားယူနိုက်တက်အသင်းက ၁၆ မှတ်၊ ရတနာပုံအသင်းက ၁၄ မှတ်၊ မဟာယူနိုက်တက်အသင်းက ၁၃ မှတ်၊ Dagon Port အသင်းက ၁၁ မှတ်၊ အား/ကာသိပ္ပံ အသင်းက ကိုးမှတ်၊ ဧရာဝတီယူနိုက်တက်၊ သစ္စာအားမာန်နှင့် မြဝတီအသင်းတို့က လေးမှတ်စီ၊ ရခိုင်ယူနိုက်တက်အသင်းက တစ်မှတ် ရရှိထားသည်။

ယခုတစ်ပတ်တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ဧရာဝတီအသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်ပြီး ဇယားအောက်ပိုင်းတွင် ရပ်တည်နေသည့် သစ္စာအားမာန်နှင့် မြဝတီအသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။ ဒုတိယနေရာမှ ရန်ကုန်ယူနိုက်တက်အသင်းသည် တန်းတက် Dagon Port အသင်းနှင့် ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ်(၁၂၂၀)၊ မြေကွက်တည်နေရာအမှတ်(၁၂၂၀)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးတင်မြင့်(MUN–၁၅၃၃၈၉) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် ဦးတင်မြင့်(ခင်ပွန်း) ကွယ်လွန်သဖြင့် (ဇနီး) နော်ဘဲဖောစေး[၁၂/လမန(နိုင်)၁၀၅၆၂၇]မှ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသောဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (ခင်ပွန်း)ဦးတင်မြင့်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ဖခင်အမည်မှန်**

2024–2025 ပညာသင်နှစ် ဒိုက်ဦးမြို့နယ် အထက–ကံကော်ရိပ် Grade–8 မှ မောင်လင်းလက်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ဗိုလ်ဇော် [၁၂/ဒပန(နိုင်)၀၅၀၅၈၉] ဖြစ်ပါကြောင်း။

**ဦးဗိုလ်ဗိုလ်ဇော်**

**ပတ်စ်ပို့ပျောက်**

(ဘ) ဦးမျိုးဆွေအောင်၏ သား ကျွန်တော် မောင်ကျော်ခန့်ပိုင် [၁၂/မဂဒ(နိုင်) ၁၉၈၂၄၆] နိုင်ငံကူးလက်မှတ် စာအုပ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၈၉၄၄၀၆၂၂၉**

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်- HSE/၃၀၄၅၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**က.ည.န ခရိုင်ရုံး(သာယာဝတီ)**

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၉၊ လူနေရပ်ကွက်အမှတ်-၆/၁၂၊ မဲခေါင်လမ်း၊ မြေကွက် အမှတ်-၅၈(က)၊ အကျယ်ပေ(၂၀x၆၀)ရှိ ဦးထွန်းငြိမ်း(ခ)ဆီးကာရ် ရဲဝေလူး အမည်ပေါက်နှစ်(၆၀)ဂရန် ထွက်ရှိထားသော မြေကွက်ကြီး အနက်မှ ခြေရင်းခြမ်း အကျယ်ပေ(၁၂x၆၀)ရှိ မြေကွက်အစိတ် အပိုင်းအပါအဝင် ယင်းမြေကွက်ပေါ်ရှိ အိမ်မြေနှင့်ပတ်သက်၍**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါအိမ်မြေအား ဂရန်အမည်ပေါက်ပိုင်ရှင်ဦးထွန်းငြိမ်း (ခ)ဆီးကာရ်ရဲဝေလူးထံမှ (၁၄-၅-၂၀၀၉)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူ၍ ပိုင်ဆိုင်မှုအထောက်အထားအဖြစ် ဦးထွန်းငြိမ်း(ခ)ဆီးကာရ်ရဲ ဝေလူး အမည်ပေါက် ဂရန်မူရင်းအား လက်ဝယ်ထားရှိ ပိုင်ဆိုင်သူပိုင်ရှင် ဦးကျော်လင်း [၉/မတရ(နိုင်)၁၁၆၁၃၉]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ် မိတ်ဆွေဖြစ်သူဒေါ်အိဇာဇာခင်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထား ပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ** — **ဒေါ်အိဇာဇာခင်** — **[၁၂/ရပသ(နိုင်)၀၆၄၅၇၅]** — **အမှတ်-၃၀၇၊ ဘုရင့်နောင်လမ်း၊ (၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**

**လွှဲအပ်ညွှန်ကြားချက်အရ** — **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** — **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက် အမှတ်(ဓ-၃)၊ ဦးပိုင်အမှတ်(၂၅)၊ ဧရိယာ(၄၀x၆၀)ပေ အတွင်းမှ မြောက်ဘက်ခြမ်းဧရိယာ (၁၈x၆၀)ပေ မြေကွက်သည် အရှုပ်အရှင်း ဖြစ်ပေါ်နေပါသဖြင့် ဝယ်ယူခြင်း၊ အပေါင်လက်ခံသူများရှိခဲ့ပါက ဝယ်ယူသူ အပေါင်လက်ခံသူများ၏ အရှုံးသာဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးပြည့်ဖြိုးအောင်[၅/မရန(နိုင်)၁၉၄၆၄၃]**
**ဖုန်း-၀၉-၆၆၂၅၃၅၃၆၃**

## ဒီကရီကို အတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် - ၂၁ ၊ နည်းဥပဒေ - ၂၂ )**

**တိုက်ကြီးမြို့နယ်တရားရုံးတော်**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂ နှင့်ဆက်နွယ်သည့်**

**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၃၂**

**ဒေါ်ခင်နှင်းစိုး (ဒီကရီအနိုင်ရသူ)** နှင့် **ဒေါ်တင်တင်ဌေး (တရားရှုံး)**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့၊ ကြို့ချောင်းကျေးရွာအုပ်စု၊ ကြို့ချောင်းကျေးရွာနေ ဒေါ်တင်တင်ဌေး (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့် ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်၊ (၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သန္တာထွန်းကျော်)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**တိုက်ကြီးမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်-၂၄၊ လူနေရပ်ကွက်အမှတ်-၂၄၊ မြရတနာ(၄)လမ်း၊ မြေကွက်အမှတ် -၆၆၆ ဟုခေါ်တွင်သော အကျယ်အဝန်း(၄၀x၆၀)ပေ၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အဦ (၂)လုံး၊ မီတာ(၂)လုံးအပါအဝင်၊ ရေမီးအစုံအကျိုးခံစားခွင့်အရပ်ရပ်တို့ အားမြေချပါမစ် အမည်ပေါက်သူ ဦးတင်အောင် CG-၀၈၀၉၆၆ထံမှ အရပ် ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဝင်းကြိုင်[၁၄/ဝခမ(နိုင်)၂၃၅၈၉၃] ကိုင်ဆောင်သူမှ ယနေ့တိုင်လက်ရှိထားပိုင်ဆိုင်လျက် တရားဝင် လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ၍(၇)ရက်အတွင်း အထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်ကျော်လွန်ပါက မည်သည့် ကန့်ကွက်ချက်ကိုမှ ထည့်သွင်းစဉ်းစားမည် မဟုတ်ဘဲ အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေအောင်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၀၆၉(ခ)၊ အောင်ဇေယျလမ်း၊ (၁၉)ရပ်ကွက်၊**
**လှိုင်သာယာမြို့နယ်။ ဖုန်း-၀၉-၄၂၅၂၈၂၈၃**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန ဒု-ဦးစီးမှူးရာထူးနေရာများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှု လယ်ယာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒု-ဦးစီးမှူး(လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)အဆင့်ရှိရာထူး ကျား(၃၀) နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက (၃၁-၁၀-၂၀၂၄)ရက်နေ့တွင် အသက် (၃၀)နှစ်ထက်မကျော်လွန်စေရ။ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက (၃၁-၁၀-၂၀၂၄)ရက်နေ့တွင် အသက်(၃၅)နှစ် ထက်မကျော် လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ခွင့်ပြုချက် ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။)

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးရှိရမည့်ပညာအရည်အချင်းသတ်မှတ်ချက်မှာ- AGTI(Mechanical)/(AMT)/(MP)/(MT) ဒီပလိုမာလက်မှတ် ရရှိပြီးသူဖြစ်ရမည်။

(င) ရွေးချယ်ခန့်ထားခြင်းခံရပါက စက်မှုလယ်ယာဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ကြောင်း ဝန်ထမ်း သစ်ခန့်ထားရေး ကတိခံဝန်ချက်စာချုပ် ချုပ်ဆိုရမည် ဖြစ်ပါသည်။

(စ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ် ရမည်။

၃။ လျှောက်လွှာတွင်ပါရှိသောအချက်များကို ပြည့်စုံစွာရေးသွင်း ရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စက်မှုလယ်ယာဦးစီးဌာန၏ Website ဖြစ်သည့် http://amd.moali.gov.mm နှင့် Facebook Page "Agricultural Mechanization Department" တွင် download ရယူ နိုင်ပါသည်။ (လျှောက်လွှာရောင်းချခြင်း/ထုတ်ပေးခြင်းမပြုပါ)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများအား ပူးတွဲ ပါရှိရပါမည်-

(က) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသော (၁"x ၁.၂၅") အရွယ် ပါတ်စ်ပို့ဓာတ်ပုံ (၃)ပုံ

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မိတ္တူ

(ဂ) ဘွဲ့/ဒီပလိုမာလက်မှတ်မိတ္တူ

(ဃ) အခြားရရှိထားသည့် အသိအမှတ်ပြုလက်မှတ်မိတ္တူများ

(င) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(စ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(ဆ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ

(ဇ) ကျန်းမာကြောင်း ဆေးလက်မှတ်မူရင်း

(ဈ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း

(ည) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ကိုယ်တိုင်ကတိဝန်ခံချက်

(ဋ) သက်ဆိုင်ရာ မြို့နယ်မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ပြစ်မှုကင်းရှင်း ကြောင်း ထောက်ခံချက်မူရင်း။

၅။ လျှောက်လွှာများကို စက်မှုလယ်ယာဦးစီးဌာန၊ ရုံးအမှတ်(၅၀) နေပြည်တော်၊ ရုံးချုပ်သို့ လူကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အမြန်ချောပို့စနစ်ဖြင့်ဖြစ်စေ (၁၀-၁၀-၂၀၂၄)ရက် နေ့ရုံးချိန်အတွင်း နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာအား သက်ဆိုင်ရာဝန်ကြီးဌာန နှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် တင်ပြလျှောက်ထား ရမည်ဖြစ်ပြီး ခွင့်ပြုချက်မပါရှိသည့် လျှောက်လွှာများအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။

၇။ တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းနှင့် နိုင်ငံ့ဝန်ထမ်းအဖြစ် လုပ်ကိုင်ခဲ့ဖူးသူများအနေဖြင့် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ် တစ်မျိုးမျိုးကို ကျခံခဲ့ဖူးသူဖြစ်ပါက ပြစ်ဒဏ်အမျိုးအစားကို လျှောက် လွှာတွင်(မပျက်မကွက်) ထည့်သွင်းဖော်ပြရမည်ဖြစ်ပြီး ဝန်ထမ်း အဖြစ်မှထုတ်ပစ်ခြင်း (Dismissal) ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၈။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာ များ၊ သတ်မှတ်စည်းကမ်းချက်နှင့်မကိုက်ညီသည့် လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသောလျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၉။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်များ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲကျင်းပ မည့် နေ့ရက်နှင့်နေရာကို မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံ သတင်းစာများတွင် ထပ်မံကြေညာပေးမည်။

၁၀။ ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၁၁။ အသေးစိတ်သိရှိလိုပါက စက်မှုလယ်ယာဦးစီးဌာန၊ရုံးချုပ်၊ ဖုန်းနံပါတ် ၀၆၇-၄၃၁၂၁၃၊ ၀၆၇-၄၃၁၁၇၄ နှင့် ၀၆၇-၄၃၁၂၄၈ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**စက်မှုလယ်ယာဦးစီးဌာန**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၄ခုနှစ်၊ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ကျပ်တစ်သိန်းနှင့် အထက်လှူဒါန်းခဲ့ကြသော ဆွမ်းအလှူရှင်များနှင့် ပဒေသာပင်ရန်ပုံငွေအလှူရှင်များစာရင်း

**ကမ္ဘာ့နိုင်ငံပေါင်းစုံမှထေရဝါဒရဟန်းသံဃာတော်၊ သီလရှင်များအားတစ်ချိန်တည်း၊ တစ်ပြိုင်နက်တည်း ဆွမ်းဆက်ကပ်လှူဒါန်းနိုင်ခဲ့ကြသည့် မဟာကုသိုလ်တော်အလှူရှင်များ**

**တစ်နေ့တာဆွမ်းအလှူ**

| | | | |
|---|---|---|---|
| ၁။ | ၁၇-၇-၂၀၂၄ | ဖခင်ကြီး ဦးခင်အောင်နှင့် မိခင်ကြီး ဒေါ်စန်းနွဲ့တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုများအလှူ | |
| ၂။ | ၃၀-၇-၂၀၂၄ | Sayalay indo & Family (Indo Students, Dona Everday & Kalyanamitta Pannadhamma) | |

**နေ့ဆွမ်းအလှူ**

| | | | |
|---|---|---|---|
| ၁။ | ၇-၇-၂၀၂၄ | အမှတ်(၂၀၂)ခြေမြန်တပ်ရင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် | |
| ၂။ | ၁၃-၇-၂၀၂၄ | ညီနောင်(၂၄)ညီနောင်များနှင့် မိသားစုများစုပေါင်း၍ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆွမ်းဆက်ကပ်ခြင်း | |
| ၃။ | ၁၄-၇-၂၀၂၄ | အဏ္ဏဝါဖောင်ဒေးရှင်းအသင်းဝင်များနှင့် မိသားစုများစုပေါင်း၍ ပဉ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆွမ်းဆက်ကပ်ခြင်း | |
| ၄။ | ၁၈-၇-၂၀၂၄ | ဗိုလ်ချုပ်မှူးကြီးသန်းရွှေ(ငြိမ်း)+ဒေါ်ကြိုင်ကြိုင်၊ ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေး(ငြိမ်း)+ဒေါ်မြမြစမ်း၊ (ဒု-ဗိုလ်ချုပ်ကြီးတင်ဦး+ဒေါ်ခင်သန်းနွဲ့)၊ နိုင်ငံတော်သမ္မတ(ငြိမ်း)ဦးသိန်းစိန်+ဒေါ်ခင်ခင်ဝင်း၊ (ဗိုလ်ချုပ်ကြီးစိုးဝင်း)+ဒေါ်သန်းသန်းနွဲ့၊ ဒု-ဗိုလ်ချုပ်ကြီးအောင်ထွေး(ငြိမ်း)+ဒေါ်ခင်နှင်းဝေ၊ ဒု-ဗိုလ်ချုပ်ကြီးခင်မောင်သန်း(ငြိမ်း)+ဒေါ်မာလာတင့်၊ (ဒု-ဗိုလ်ချုပ်ကြီးကျော်ဝင်း(ငြိမ်း)+ဒေါ်စန်းစန်းရီ)၊ (ဒု-ဗိုလ်ချုပ်ကြီးမောင်ဘို)+ဒေါ်ခင်လေးမြင့်၊ ဒု-ဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)+(ဒေါ်ကြည်ကြည်အုန်း)၊ ဗိုလ်ချုပ်တင်ငွေ(ငြိမ်း)+ဒေါ်နန်းခင်လှဝင်း၊ ဒု-ဗိုလ်ချုပ်ကြီးရဲမြင့်(ငြိမ်း)+Dr.ဒေါ်တင်လင်းမြင့် မိသားစုများမှ ဝါဆိုသင်္ကန်းနှင့်ဆွမ်းဆက်ကပ်လှူဒါန်းခြင်း | |
| ၅။ | ၁၉-၇-၂၀၂၄ | ဦးခိုင်ဇော်ဆွေ+ဒေါ်သက်သက်လှိုင်သား-ကောင်းဆက်နိုင်၊ ညိုမင်းလွင်၊ သမီး-မပိုးပန်းချီခင် မိသားစု တို့၏ ဒေါ်သက်သက်လှိုင် ၅၁ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် | |
| ၆။ | ၂၀-၇-၂၀၂၄ | SASANAPUTA the Group-TON KINH GIAO PHAP | |
| ၇။ | ၂၁-၇-၂၀၂၄ | ဖေဖေ ဦးဘုန်းဆုစိုး + မေမေဒေါ်သုသုကျော်ဝင်းတို့၏ သားလေး မောင်ဘုန်းဆုပြည့် အမည်ပေး ကင်ပွန်းတပ်နှင့် ရက်(၁၀၀)ပြည့်မွေးနေ့အလှူ | |
| ၈။ | ၂၅-၇-၂၀၂၄ | ဦးသက်ဆွေ+ဒေါ်ခင်မာဦး၊ သမီး-မအေးငြိမ်းမိုး၊ သား-မောင်ကျော်ဖြိုးလင်း မိသားစု | |
| ၉။ | ၂၇-၇-၂၀၂၄ | အောင်ဇေယျညီနောင်များနှင့် မိသားစုများ ပထမအကြိမ် ဝါဆိုသင်္ကန်းနှင့် ဝါဆိုဆွမ်းဆက်ကပ်ခြင်း | |
| ၁၀။ | ၉-၈-၂၀၂၄ | Family Cuong,Hoan Hoang Anh Quoc Dat Dao Thin,Dao Thi Yeu | |
| ၁၁။ | ၁၁-၈-၂၀၂၄ | မအေးမာလာနှင့် မအေးသန္တာ အမြွှာညီအစ်မနှစ်ဦး၏မွေးနေ့အလှူ | |
| ၁၂။ | ၁၅-၈-၂၀၂၄ | ဖေဖေဦးစိုးသိန်း၊မေမေ ဒေါ်မော်မော်သန်း အားအမှူးထား၍သား-ဒေါက်တာမင်းသန့်(ဝါခေါင်လပြည့်နေ့)၊ သား-မောင်ရဲခန့်မင်းမြတ်(ဝါခေါင်လဆန်း၆ရက်)တို့၏ မွေးနေ့အလှူ | |
| ၁၃။ | ၂၀-၈-၂၀၂၄ | Phan Thi Cam (Vietnam) | |
| ၁၄။ | ၂၅-၈-၂၀၂၄ | ဦးကျော်သက်ခိုင်၏ ၄၄ နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ဦးကျော်သက်ခိုင်+ဒေါ်သက်မာလွင်၊ သား-မောင်ရဲမြတ်ကို၊ မောင်ကောင်းမြတ်ကို မိသားစု | |
| ၁၅။ | ၃၀-၈-၂၀၂၄ | ကိုနိုင်ဖြိုးကျော်+မပတ်မုံရွှေရည်(ကစ်ကစ်)တို့၏ ကိုနိုင်ဖြိုးကျော် မွေးနေ့အလှူ | |
| ၁၆။ | ၃၁-၈-၂၀၂၄ | ဦးလှမြင့် မြို့နယ်လျှပ်စစ်မန်နေဂျာ မရမ်းကုန်း၊ အသက် ၆၀ ပြည့်နှစ် မွေးနေ့အလှူ | |

**အရုဏ်ဆွမ်းအလှူ**

| | | | |
|---|---|---|---|
| ၁။ | ၈-၈-၂၀၂၄ | ကွယ်လွန်သူဖခင်ကြီးဦးကျော်ညွန့်(၁၁)ပြည့်ရည်စူးကုသိုလ်အလှူတော် | |
| ၂။ | ၁၀-၈-၂၀၂၄ | Ven Professor Dr. Ianaka (Dean Sayadaw) | |
| ၃။ | ၂၃-၈-၂၀၂၄ | Mrs Dung,Sister Nhun,Sister Quynh | |

**ဆွမ်းပဒေသာပင်ရန်ပုံငွေ**

| | | | |
|---|---|---|---|
| ၁။ | ၁၅-၇-၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေငွေ မိသားစု | ၂,၀၀၀၀၀ိ/- |
| ၂။ | ၁၇-၇-၂၀၂၄ | ကွယ်လွန်သူဖခင်ကြီးဦးစံမြ(၁၈)နှစ်+မိခင်ကြီးဒေါ်သန်းကြည်(၁၄)နှစ်ပြည့်တို့အား ရည်စူး၍ သမီးဒေါ်လှသန်း မိသားစု | ၂,၀၀၀၀၀ိ/- |
| ၃။ | ၁၇-၈-၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေငွေ မိသားစု | ၂,၀၀၀၀၀ိ/- |
| ၄။ | ၂၆-၈-၂၀၂၄ | ကွယ်လွန်သူ ဦးအေးမြင့် (၁)နှစ်ပြည့်အားရည်စူး၍ ဒေါ်ကြီးမြင့် သား-ဦးဇော်လင်းမြင့်+ဒေါ်ကေခိုင်ဆန်း၊မြေး-မောင်ကောင်းမြတ်လင်းခိုင် မိသားစု | ၁,၀၀၀၀၀ိ/- |

**ဆေးပဒေသာပင်ရန်ပုံငွေ**

| | | | |
|---|---|---|---|
| ၁။ | ၉-၇-၂၀၂၄ | ဖခင်ကြီးဦးမြသောင်း ကွယ်လွန်ခြင်း(၃)နှစ်ပြည့်အား ရည်စူး၍ ဦးမြသောင်း+ဒေါ်ခင် သား၊ သမီး၊ မြေးများမိသားစု | ၁,၀၀၀၀၀ိ/- |
| ၂။ | ၁၅-၇-၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေငွေ မိသားစု | ၂,၀၀၀၀၀ိ/- |
| ၃။ | ၁၇-၇-၂၀၂၄ | ကွယ်လွန်သူဖခင်ကြီးဦးဝင်းဆွေအားရည်စူး၍ ဇနီးဒေါ်လှသန်း၊ Dr.ကျော်မျိုးလှိုင်+ ဒေါ်နီလာဝင်းဆွေ၊Dr.ဗညားအောင် + Dr.ညိုညိုခိုင် ၊ဦးမျိုးမင်း+ဒေါ်မာလာဝင်းဆွေ၊ သား၊ သမီး၊ မြေး မိသားစု | ၂,၀၀၀၀၀ိ/- |
| ၄။ | ၈-၈-၂၀၂၄ | ကွယ်လွန်သူဖခင်ကြီး ဦးကျော်ညွန့်+မိခင်ဒေါ်လှမြင့်နှင့် အစ်ကိုဖြစ်သူ ကိုကျော်ကျော်မြင့်အားရည်စူး၍ ကျန်ရစ်သူမိသားစု | ၃,၀၀၀၀၀ိ/- |
| ၅။ | ၁၇-၈-၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေငွေ မိသားစု | ၂,၀၀၀၀၀ိ/- |

**ပညာရေးပဒေသာပင်ရန်ပုံငွေ**

| | | | |
|---|---|---|---|
| ၁။ | ၁၅-၇-၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေငွေ မိသားစု | ၁,၀၀၀၀၀ိ/- |
| ၂။ | ၂၃-၇-၂၀၂၄ | Malaysia Family | ၃၀,၀၀၀၀၀ိ/- |
| ၃။ | ၁၇-၈-၂၀၂၄ | ဦးဖေသက်+ဒေါ်ငွေငွေ မိသားစု | ၁,၀၀၀၀၀ိ/- |
| ၄။ | ၂၃-၈-၂၀၂၄ | NGUYEN VIET NGA FAMILY, LE HUY LONG AND LE VIET TUAN | ၅,၀၀၀၀၀ိ/- |

**အထွေထွေငွေပဒေသာပင်ရန်ပုံငွေ**

| | | | |
|---|---|---|---|
| ၁။ | ၆-၇-၂၀၂၄ | The Family of Tang Hai Nguyen, Tang Thieu Linh | ၁၀၀,၀၀၀၀၀ိ/- |
| ၂။ | ၁၂-၇-၂၀၂၄ | ညီနောင်(၂၄)ညီနောင်များနှင့်မိသားစုများအလှူ | ၅,၀၀၀၀၀ိ/- |
| ၃။ | ၁၂-၇-၂၀၂၄ | အဏ္ဏဝါဖောင်ဒေးရှင်းအသင်းဝင်များနှင့်မိသားစုများအလှူ | ၇,၀၀၀၀၀ိ/- |

**ထာဝရဆွမ်းပဒေသာပင်ရန်ပုံငွေ**

| | | | |
|---|---|---|---|
| ၁။ | ၁၇-၇-၂၀၂၄ | ဒေါ်လှသန်း(အ.ထ.ပြ(ငြိမ်း))၏ အသက်(၈၀)နှစ်ကျရောက်သော မွေးနေ့အလှူ | ၃,၀၀၀၀၀ိ/- |
| ၂။ | ၂၇-၇-၂၀၂၄ | အောင်ဇေယျညီနောင်များနှင့်မိသားစုများ ပထမအကြိမ်ဝါဆိုသင်္ကန်းဆက်ကပ်ခြင်း | ၁၀,၀၀၀၀၀ိ/ |

**စာကြည့်တိုက်ပဒေသာပင်ရန်ပုံငွေ**

| | | | |
|---|---|---|---|
| ၁။ | ၂၃-၇-၂၀၂၄ | Malaysia Family | ၃၀,၀၀၀၀၀ိ/- |

**မွေ့ကန္တနာပေါင်း(၈၄၀၀၀)ရန်ပုံငွေ**

| | | | |
|---|---|---|---|
| ၁။ | ၁၁-၇-၂၀၂၄ | ဦးမြင့်အောင်+ဒေါ်နုနုရီ မိသားစု | ၁,၅၀၀၀၀ိ/- |

**ဆက်သွယ်လှူဒါန်းရန်- ညွှန်ကြားရေးမှူး [ဌာနမှူး(စီမံ/ဘဏ္ဍာ)]-09400040334**
**ဌာနစုမှူး- 09-421014176**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်စိုးမင်း၏ သား မောင်အောင်သူရ [၁၂/မရက(နိုင်) ၁၃၆၆၁၉]၏ နိုင်ငံကူးလက်မှတ်၊ အမှတ် (MD969773)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၀၃၀၀၂၂၄**

## ပတ်စ်ပို့ပျောက်

(ဘ)ဦးအောင်သန်း၏ သမီး ဒေါ်သန်းသန်းညိမ်း [၁၂/တမန (နိုင်)၀၃၅၃၈၉]၏ နိုင်ငံကူး လက်မှတ်အမှတ်(366208)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၃၀၅၈၁၁၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ ရတနာလမ်း၊ တိုက် အမှတ်(၄၈)၊ (၇)ထပ်တိုက်၏ (၆-လွှာ)၊ အကျယ်အဝန်း (အလျား၂၅ပေx၅၀ပေ) အကျယ်အဝန်းရှိ ကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်နေဇာအောင် [၁၃/တယန(နိုင်)၀၃၆၈၅၆]ကိုင်ဆောင်သူမှ ၎င်းတရားဝင် ဝယ်ယူပိုင်ဆိုင်ကြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စီစီထွဋ် [၁၂/ဒဂန(နိုင်) ၀၀၇၁၂၃]ကိုင်ဆောင်သူမှ ရောင်းသည့်တန်ဖိုးဖြင့်ပင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကွန်ဒိုတိုက်ခန်းဝယ်ယူမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက် (တစ်ပတ်)အတွင်း စာချုပ်စာတမ်း (မူရင်း)အထောက် အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ကွန်ဒိုတိုက်ခန်း အပြီးအပိုင်အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စီစီထွဋ်[၁၂/ဒဂန(နိုင်)၀၀၇၁၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန်းသန်းစိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၂၈၉၈) (၄-၁၂-၁၉၈၄)**
**တိုက်(၉/၁၁)၊ အခန်း(၁၀၃)၊ ပ-ထပ်(စီ)၊ ၃၆-လမ်းအောက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**Ph-09-250022892၊ 09-443021827**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့၊ ဥပ္ပံုစုရပ်ကွက်၊ ဒေါနလမ်း၊ ကျေးရွာအမည်-ဥပ္ပံုစု၊ ကွင်းအမှတ်-၇၄၈ A၊ ကွင်းအမည်-တိုက်ကြီးရှမ်းစုမြောက်ဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း (၂၃ ပေ x ၁၀၀ ပေ)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းညွန့် [၁၂/တကန(နိုင်)၀၅၈၇၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဦး [၁၂/တကန(နိုင်)၁၁၃၀၁၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးဇော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာနည်ဝင်း( LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၈၁၄)**
**အောင်သိပ္ပံလမ်း၊ ဥပ္ပံုစုရပ်ကွက်၊ တိုက်ကြီးမြို့၊ တိုက်ကြီးခရိုင်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၁၄၂၅၁၁**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၆)၊ မြေကွက်အမှတ်(၂၆၉)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဒေါ်ခင်နု**[၁၂/မရက(နိုင်)၀၉၈၀၆၄] အမည်ပေါက်တည်ရှိပြီး အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးကျော်နိုင်စိုး**[၁၂/လကန(နိုင်)၀၀၀၉၈၄]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းချောင်မြိုင်လမ်း၊ (၁၈/ စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၆)၊ မြေကွက်အမှတ်(၂၀၈)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **ဦးညွန့်လှိုင်**[၁၂/လသယ(နိုင်)၀၀၄၇၀၈]အမည်ပေါက်တည်ရှိပြီး အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးကျော်နိုင်စိုး**[၁၂/လကန(နိုင်)၀၀၀၉၈၄]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းချောင်မြိုင်လမ်း၊ (၁၈/ စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## (၉-၁၁-၂၀၂၃)နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၇)ပါ တရားလွှတ်တော်ရှေ့နေ ဦးအောင်မျိုးထက်+၁ ကြော်ငြာတွင် ဦးသက်နိုင်ဦး (Deputy Managing Director) [၁၂/မရက(နိုင်)၁၁၂၁၆၃] (တိုးတက်သာဆောက်လုပ်ရေးကုမ္ပဏီလီမိတက်)နှင့်တကွ သက်ဆိုင်သူများ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၂-မြောက်ရပ်ကွက်၊ သဒ္ဒါရုံလမ်းမကြီး၊ အမှတ်(၆၀၅)၊ (၄၀ x ၆၀)ပေအကျယ်အဝန်းရှိ မြေကွက်၏ မြေရှင် ဒေါ်ခင်မမချို [၁၂/သကတ(နိုင်)၁၀၁၁၀၆] ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

မြေရှင် ဒေါ်ခင်မမချိုနှင့် ဦးသက်နိုင်ဦး [၁၂/မရက(နိုင်)၁၈၂၁၆၃] မန်နေဂျင်းဒါရိုက်တာ တိုးတက်သာဆောက်လုပ်ရေးကုမ္ပဏီတို့သည် ဖော်ပြပါ မြေကွက်ပေါ်တွင် အခန်းပေး၊ အခန်းယူကန်ထရိုက်စနစ်ဖြင့် (၆)ထပ် အဆောက်အအုံဆောက်လုပ်ရန် (၁၁-၁-၂၀၁၈)ရက်နေ့တွင် နှစ်ဦးသဘောတူ လုပ်ငန်းအပ်နှံလက်ခံခြင်းကတိစာချုပ် ချုပ်ဆို၍ ဆောက်လုပ်ခဲ့ပြီး ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မြေရှင် ဒေါ်ခင်မမချိုက ဦးသက်နိုင်ဦးအား (၈-၅-၂၀၁၈)နေ့တွင် အထွေထွေကိုယ်စားလှယ်စာအမှတ်-၄၇၄၀/၂၀၁၈ ဖြင့် ကိုယ်စားလှယ်လွှဲအပ်ပေး၍ (၁၅-၁-၂၀၂၃)ရက်နေ့တွင် သက်ဆိုင်သူများ သိစေရန် ကြေးမုံသတင်းစာတွင် ကြော်ငြာခဲ့ပါသည်။

နောက်ပိုင်း ဦးသက်နိုင်ဦးအား လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်စာအမှတ်-၄၇၄၀/၂၀၁၈ နှင့်ပတ်သက်၍ (၉-၁၁-၂၀၂၃) ကြေးမုံသတင်းစာ စာမျက်နှာ(၂၇)တွင် အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြော်ငြာချက်အား ညှိနှိုင်းမှုမပြီးမီ ဆန္ဒစောစွာဖြင့် ကြော်ငြာခဲ့ပါသည်။

ယခုအခါ ဒေါ်ခင်မမချိုနှင့် ဦးသက်နိုင်ဦးတို့သည် နှစ်ဖက်ညှိနှိုင်းပြေလည်မှုရရှိသွားသဖြင့် တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူများသိရှိစေရန် အသိပေး ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

| **ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** | |
|---|---|---|
| **ဒေါ်ခင်မမချို** | **ဦးဇော်မင်း (LL.B)** | **ဒေါ်မြင့်မြင့်ရီ** |
| **[၁၂/သကတ(နိုင်)၁၀၁၁၀၆]** | **(စဉ်-၁၀၁၆၀)** | **(စဉ်-၁၂၀၅၅)** |
| | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **ဖုန်း-၀၉-၂၅၄၂၁၃၇၈၅** | **ဖုန်း-၀၉-၅၅၀၃၁၀၅** |

**အမှတ်(၁၀)၊ ပထမထပ်၊ နွယ်သာကီလမ်း၊ အလုံမြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အရှေ့)၊ အောင်သုခ(၂၀)လမ်း၊ မြေကွက်အမှတ်(၁၁၃၃/ဘီ)၊ အကျယ်ပေ(၄၀ပေx၆၀ပေ)ရှိ ဦးပြုံးချို(ခ)ဦးဂေါ်ကီထွန်း+၁ အမည်ပေါက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ နှစ်(၆၀)မြေဂရန်ထုတ်ပေးထားသော မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား နောက်ဆုံးလက်ဝယ်ထား ပိုင်ဆိုင်သူ ဒေါ်ခမ်းအေး [၁၃/ကမန(နိုင်)၀၂၆၂၇၈]မှ ၎င်းပိုင်ဆိုင်ပြီး အရှုပ်အရှင်း ကင်းရှင်းကြောင်း၊ လွတ်လပ်စွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိ ပြုလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချမ်းမြေ့ကြည် [၁၄/ဒဒရ(နိုင်)၁၉၃၁၂၈]မှ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေ၍ ဝယ်ယူထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းပစ္စည်းမြေအိမ်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူ မရှိပါက ဤမြေနှင့်အိမ်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့် အညီ ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ချမ်းမြေ့ကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝေမာထွေး(LL.Bတရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၉၈)**
**ဖုန်း-၀၉၄၄၂၉၁၂၂၉၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၂)၊ မြေကွက်အမှတ်(၈၈၄/ခ)၊ ရတနာပုံ(၃)လမ်း၊ အကျယ်(၂၀ x ၆၀)ပေရှိ ဒေါ်ရင်ရင်နွယ် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသောမြေကွက်မှ တရားဝင်မခွဲစိတ်ရသေးသော (ခေါင်းရင်းခြမ်း) အကျယ်(၁၀ x ၆၀)ပေရှိ မြေအိမ်နှင့် အကျိုးခံစားခွင့်တို့အား နောက်ဆုံးလက်ဝယ်ထားပိုင်ဆိုင်သူ ဦးအောင်တိုး[၁၂/ဗဟန(နိုင်)၀၂၃၅၅၃] မှ ၎င်းပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ခင်သန်းနု[၁၂/သကတ(နိုင်)၁၉၉၆၅၆]က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါအရောင်းပစ္စည်း မြေအိမ်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက မြေအိမ်အရောင်းအဝယ်ကိစ္စများအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ခင်သန်းနု၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝေမာထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၉၈)**
**ဖုန်း-၀၉-၄၄၂၉၁၂၂၉၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရော(၁၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၁၂၈^၁/၂) ဦးလှဖေ+ဒေါ်ငြိမ်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊ အလျား x အနံ (၂၀ x ၆၀)ပေအကျယ်ရှိ မြေကွက်နှင့် မြေကွက်အတွင်းရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အဆက်အစပ် စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရှိထားသည်ဟု အဆိုရှိသူ ဦးဝင်းကျော်[၁၂/ဥကတ(နိုင်)၀၀၀၆၈၂]မှ ကာလပေါက်ဈေးအတိုင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူသဖြင့် စရန်ငွေအချို့ကို ပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများယူဆောင်၍ ဤသတင်းစာကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိလျှင် အရောင်းအဝယ်အား တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဌေးလွင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၃၄၀၈)**
**အမှတ်(၃၁၅)၊ (၂၁)ရပ်ကွက်၊ အောင်ဇေယျာဘုရားလမ်း၊ ရွှေပေါက်ကံမြို့သစ်၊**
**Ph:09-401579081**

## ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၃၊ မြေကွက်အမှတ် - ၂၇၃/ခ၊ အကျယ်အဝန်း (၂၀' x ၆၀')၊ (၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၇၃/ခ)၊ သွေးသောက်လမ်း၊ (၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဂရန်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်မျိုးဦး (၁၂/ဒဂမ (နိုင်) ၀၁၄၈ရ၈)ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ကျွန်ုပ်၏မိတ်ဆွေက တန်ဖိုးငွေတစ်စိတ်တဒေသပေးချေပြီး ဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်နေ့အထိ ကန့်ကွက်ချက်တစ်စုံတစ်ရာ မရှိပါက မြေနှင့်အိမ်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်ချိုချိုဝင်း LL.B, D.B.L**
တရားလွှတ်တော်ရှေ့နေ (စဉ် - ၆၉၁၂)
အမှတ်-၅၀၊ အခန်း (A-၂၀)၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၄၅၁၃၂၊ ၀၉ ၇၆၂၄၇၄၁၅၆

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

